# မန္တလေး နေ့စဉ်

The Mandalay Daily

၁၉၉၇ ခုနှစ် နိုဝင်ဘာလ ၃ ရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၈)၊ အမှတ်(၂၅၇)၊ ၁၃၈၇ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၁၃ ရက်၊ ၂၁-၈-၂၀၂၅၊ ကြာသပတေးနေ့။


**မြတ်ဗုဒ္ဓ၏ အဆုံးအမတရား**

(သစ္စာလေးပါးဟူသည်ကား) ဆင်းရဲအမှန်ဖြစ်သော ဒုက္ခသစ္စာ၊ ဆင်းရဲခြင်း၏ အကြောင်းရင်းအမှန်ဖြစ်သော သမုဒယသစ္စာ၊ ဆင်းရဲမှု လွတ်မြောက်ရာအမှန်ဖြစ်သော နိရောဓသစ္စာ၊ ဆင်းရဲငြိမ်းရာ နိဗ္ဗာန်သို့ရောက်ကြောင်း အစစ်ဖြစ်၍ မြတ်သော အင်္ဂါရှစ်ပါးနှင့် ပြည့်စုံသော မဂ္ဂသစ္စာ။ (ဤလေးပါးတည်း။) (ဓမ္မပဒ)

## အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် စက်မှုကဏ္ဍ(Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြှင့်တင်ရေး။

၃။ နိုင်ငံတော် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာ လျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။





နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အောင်လံမြို့ရှိ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများ ဆွေးနွေးမှာကြားစဉ်။

**ဒေသအတွင်း စီးပွားရေးတိုးတက်ကောင်းမွန်စေရန် ပညာတတ်လူသားအရင်းအမြစ်များ ပေါ်များကြွယ်ဝအောင် ဆောင်ရွက်**

# ပညာရေးကောင်းမွန်အောင်ဆောင်ရွက်ခြင်းဖြင့် ဒေသတည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကိုလည်း များစွာအထောက်အကူပြုစေမည်

နေပြည်တော် ဩဂုတ် ၂၀

နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ယနေ့နံနက်ပိုင်းတွင် ကော်မရှင်အတွင်းရေးမှူး၊ တွဲဖက်အမှုဆောင်ချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ပြည်ထောင်စုဝန်ကြီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ်၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူးနှင့် တာဝန်ရှိသူများလိုက်ပါ၍ အောင်လံမြို့ရှိ အောင်လံခရိုင်အထွေထွေအုပ်ချုပ်ရေးမှူးရုံး အစည်းအဝေးခန်းမ၌ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် တွေ့ဆုံပြီး ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆွေးနွေးမှာကြားသည်။

**ရှင်းလင်းတင်ပြ**

ထိုသို့ တွေ့ဆုံရာတွင် ဦးစွာ အောင်လံခရိုင် အုပ်ချုပ်ရေးမှူးက ဒေသဆိုင်ရာအချက်အလက်များ၊ ဒေသအတွင်း စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများဆောင်ရွက်လျက်ရှိမှု၊ ဆန်ဖူလုံမှု အခြေအနေများ၊ အောင်လံခရိုင်အတွင်း စိမ်းလန်းစိုပြည်စေရေးအတွက် သစ်ပင်စိုက်ပျိုးပွဲများ ကျင်းပပြုလုပ်၍ စိုက်ပျိုးဆောင်ရွက်လျက်ရှိမှု၊ ပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍများ ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်လျက်ရှိမှု၊ ရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ကြိုတင်ပြင်ဆင်ဆောင်ရွက်လျက်ရှိမှု၊ အောင်လံမြို့ရှိ ဆေးရုံကြီးအား အဆင့်မြှင့်တင်ဆောင်ရွက်ပေးစေလိုမှုများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

စာမျက်နှာ ၃ သို့ ☆

## မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

နေပြည်တော် ဩဂုတ် ၂၀

**မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** မန္တလေးတိုင်းဒေသကြီးတွင် နေရာကွက်ကျား၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ကယားပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)တို့တွင် နေရာကျဲကျဲ၊ နေပြည်တော်၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(တောင်ပိုင်းနှင့် အရှေ့ပိုင်း)တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး ကချင်ပြည်နယ်တွင် နေရာကွက်၍ မိုးကြီးနိုင်ပါသည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**နောက်(၂)ရက်အတွက် ခန့်မှန်းချက်မှာ** စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် မိုးပိုလာနိုင်ပါသည်။

**နေပြည်တော်နှင့်အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** နေရာကွက်ကျား ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**မန္တလေးမြို့နှင့်အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

မိုး/ ဓလ

၂၀၂၅ ခုနှစ်၊ ဩဂုတ် ၂၁ ရက်၊ ကြာသပတေးနေ့။

မန္တလေး

## ကျန်းမာခြင်းဆုလာဘ်ရရှိဖို့ နေ့စဉ်လမ်းလျှောက်စို့

ကျန်းမာရေးသည် လူသားတိုင်းအတွက် အရေးကြီးသည်။ "အာရောဂျ ပရမံလာဘံ"ဟု ဗုဒ္ဓကဟောကြားတော်မူခဲ့သည့်အတိုင်း ကျန်းမာရေးသည် လူတိုင်းအတွက် အရေးကြီးသောဆုလာဘ်ဖြစ်သည်။ လူတိုင်းတွင် ဆုံးရှုံးပြီးမှ တန်ဖိုးသိသော အရာနှစ်ခုမှာ အချိန်နှင့်ကျန်းမာရေးပင်ဖြစ်သည်။ အချိန်၏တန်ဖိုးကို ထိုအချိန်ကုန်ဆုံးပြီးမှ သိသကဲ့သို့ ကျန်းမာရေး၏တန်ဖိုးကို မကျန်းမာမှ နားလည်ကြမည်ဖြစ်ရာ လူတိုင်းကျန်းမာရေးအသိ အစဉ်ရှိဖို့လိုအပ်ပြီး ကျန်းမာမှ ပညာလည်းရှာဖွေနိုင်၊ စီးပွားလည်းရှာဖွေနိုင်မည်ဖြစ်ရာ လောကီလောကုတ္တရာ နှစ်ပါးသောအကျိုးကို သယ်ပိုးနိုင်မည်ဖြစ်သောကြောင့် ကျန်းမာခြင်းသည် လာဘ်တစ်ပါးဖြစ်သည်။

"သွေးလေမလျှောက် ဘေးတွေရောက်" ဟူသော မြန်မာဆိုရိုးစကားရှိပါသည်။ လမ်းမလျှောက်ခြင်းသည် အထူးသဖြင့် သွေးလေမလျှောက်မှုကို ဖြစ်စေတတ်ပါသည်။ "ဆီး၊ ဝမ်း၊ သွေး၊ လေ ဤလေးထွေ ဝမ်းတွင်မှန်မှ ချမ်းသာရ" ဟူ၍လည်းဆိုကြသည်။ ဆီးမှန်ခြင်း၊ ဝမ်းမှန်ခြင်း၊ သွေးလေ မှန်ခြင်းတို့သည် လူတစ်ယောက်အတွက် အကောင်းဆုံးသော ကျန်းမာရေးဆုလာဘ်တစ်ခုပင်ဖြစ်ပါသည်။ ကျန်းမာသော သူတစ်ယောက်ဖြစ်စေဖို့အတွက် အရေးကြီးသော အချက်လည်းဖြစ်ပါသည်။ လမ်းလျှောက်ခြင်းသည် လူတို့၏ အကောင်းဆုံးဆေးဖြစ်သည်ဟု အနောက်တိုင်းဆေးပညာရှင် လောက၏ဖခင်အဖြစ်လူသိများသော ဂရိသမားတော် ဟစ်ပိုခရိတ်က ဆိုပါသည်။ ပုံမှန်နှင့်ကြာကြာလမ်းလျှောက်ခြင်းက သင့်အသက်ပိုရှည်နိုင်ခြေကို တိုးစေရုံသာမက စွမ်းအင်ပိုမိုရရှိရန်၊ ကိုယ်အလေးချိန်ကျစေရန်၊ ကျန်းမာစွာနေထိုင်နိုင်စေရန် အထောက်အပံ့ကောင်းတစ်ခုဖြစ်ပါသည်။

လူသားတိုင်း ကျန်းမာရေးအတွက် ကိုယ်လက်လှုပ်ရှားလေ့ကျင့်ခန်းပြုလုပ်ရာတွင် လမ်းလျှောက်ခြင်းသည် အလွယ်ကူဆုံး၊ ငွေကုန်ကြေးကျအသက်သာဆုံးနှင့် အကျိုးကျေးဇူးအများဆုံးဖြစ်ကြောင်း သုတေသီများက လေ့လာတွေ့ရှိထားကြသည်။ နေ့စဉ်ပုံမှန်လမ်းလျှောက်ခြင်းဖြင့် ရရှိနိုင်သော အကျိုးကျေးဇူးများမှာ လွန်စွာများပြားသည့်အလျောက် လမ်းလျှောက်ခြင်းလေ့ကျင့်ခန်းကို ပြုလုပ်ကြပြီး ကျန်းမာရေးအကျိုးရလဒ်များ ခံစားရယူနိုင်ကြမည်ဖြစ်သည်။

လမ်းလျှောက်ခြင်းလေ့ကျင့်ခန်းကို တစ်နေ့လျှင် နာရီဝက်မျှပြုလုပ်ခြင်းအားဖြင့် နှလုံးရောဂါဖြစ်နိုင်ခြေကို ၃၀ ရာခိုင်နှုန်းအထိ လျှော့ချနိုင်ပြီး လေဖြတ်ခြင်းနှင့် နှလုံးသွေးကြောဆိုင်ရာရောဂါများ ဖြစ်ပွားမှုကို လျှော့ကျစေနိုင်သည်။ ပုံမှန်လမ်းလျှောက်ခြင်းသည် ကယ်လိုရီများကို လောင်ကျွမ်းစေကာ ကိုယ်အလေးချိန်ကို ထိန်းညှိစေသည့်အတွက် အဝလွန်ခြင်းကို လျှော့ကျစေသည်။ ထို့အပြင် ဆီးချိုကိုလည်း ထိန်းပေးနိုင်သည်။ အမျိုးသမီးများတွင်လည်း နေ့စဉ်ကျန်းမာရေးအတွက် လမ်းလျှောက်ပါက ရင်သားကင်ဆာနှင့် သားအိမ်ကင်ဆာဖြစ်နှုန်းကို လျှော့ကျစေနိုင်သည်။ ကိုယ်ခံအားစနစ်ကို တိုးတက်ကောင်းမွန်စေသည့်အတွက် ဖျားနာမှုနှုန်း လျှော့ချပေးနိုင်သည်။ နေ့စဉ်ပုံမှန်လမ်းလျှောက်ခြင်းက ခန္ဓာကိုယ်ရုပ်ပိုင်းဆိုင်ရာ ကျန်းမာကြံ့ခိုင်မှုကို မြှင့်တင်ပေးနိုင်သည်သာမက ဦးနှောက်နှင့်မှတ်ဉာဏ်ပိုင်းကိုလည်း ပိုမိုကောင်းမွန်စေပြီး စိတ်ပိုင်းဆိုင်ရာခံစားမှုအပေါ် ကောင်းမွန်သည့်အကျိုးသက်ရောက်မှုလည်း ဖြစ်ပေါ်စေသည်။

သို့ဖြစ်ရာ လမ်းလျှောက်ခြင်းသည် မကူးစက်တတ်သော ရောဂါများစွာတို့အတွက် အစွမ်းထက်သည့် ဆေးတစ်လက်ဖြစ်သည့်အားလျော်စွာ အေးမြသာယာသည့် နံနက်ခင်းတွင် ပုံမှန်လမ်းလျှောက်ခြင်းဖြင့် ကိုယ်ရောစိတ်ပါ ကျန်းမာခြင်းဆုလာဘ်ကို လူတိုင်းပိုင်ဆိုင်နိုင်ကြပါစေကြောင်း တိုက်တွန်းရေးသားလိုက်ရပေသည်။

## ပြည်သူများအား အခြေခံစားသောက်ကုန်များကို အထူးသက်သာသော ဈေးနှုန်းဖြင့် ရောင်းချပေးလျက်ရှိ




**မန္တလေး ဩဂုတ် ၂၀**

မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့၏ စီစဉ်ကြီးကြပ်မှုဖြင့် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ စားသုံးသူရေးရာဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံဆန်စက်လုပ်ငန်းရှင်များအသင်း၊ မန္တလေးတိုင်းဒေသကြီး ဆီကုန်သည်များနှင့် ဆီလုပ်ငန်းရှင်များအသင်းတို့ ပူးပေါင်း၍ ဆန်၊ ဆီ၊ ကြက်ဥ၊ ဘဲဥ၊ ငါးများကို အထူးသက်သာသော ဈေးနှုန်းဖြင့် ရုံးဖွင့်ရက်များတွင် မြို့နယ်အလိုက် ရောင်းချပေးလျက်ရှိရာ ယနေ့ နံနက်ပိုင်းက မဟာအောင်မြေမြို့နယ်၊ မဟာနွယ်စဉ်ရပ်ကွက်၊ ၆၉လမ်း၊ ၃၆ လမ်း ဝန်ထမ်းအိမ်ရာအနီးနှင့် အမရပူရမြို့နယ်၊ ကျွန်တန်းရပ်ကွက်၊ ပွဲတော်ရပ်၊ ရွာလယ်လမ်း၊ ပွဲတော်ဘုန်းကြီးကျောင်းအနီးတို့တွင် ရောင်းချပေးခဲ့သည်။

သက်သာဈေးရောင်းချမည့်အစီအစဉ်ကို ဩဂုတ် ၂၁ ရက်တွင် အောင်မြေသာစံမြို့နယ်၊ မြန်မာ့စီးပွားရေး ဘဏ်-၁၊ ၈၂ လမ်းနှင့် ၂၆လမ်းထောင့်နှင့် အောင်မြေသာစံမြို့နယ်၊ မြန်မာ့စီးပွားရေးဘဏ်-၂၊ ၈၃လမ်းနှင့် ၂၄လမ်းထောင့်တို့တွင်လည်းကောင်း၊ ဩဂုတ် ၂၂ ရက်တွင် ချမ်းအေးသာစံမြို့နယ်၊ ရွှေလုံ့ရပ်ကွက်၊ ၂၇လမ်း၊ ၇၁လမ်းနှင့် ၇၂ လမ်းကြားနှင့် ချမ်းမြသာစည်မြို့နယ်၊ ကျွန်းလုံးဥသျှောင်ရပ်ကွက်၊ အကွက်(၅၀၈)၊ ၈၂လမ်းနှင့် ၈၄ လမ်းကြား၊ ဘုရားကြီးတောင်ဘက်မုခ်တို့တွင်လည်းကောင်း ရောင်းချပေးသွားမည်ဖြစ်သည်။

ထိုသို့ တိုက်ရိုက်ရောင်းချနေမှုအစီအစဉ်ကို မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ စီးပွားရေးရာဝန်ကြီး ဦးသိန်းဌေးနှင့် တာဝန်ရှိသူများ၊ ဈေးနှင့် သားသတ်ဌာန ဌာနမှူး ဦးသက်နိုင်နှင့် တာဝန်ရှိသူများက အနီးကပ် ကြီးကြပ်၍ ပြည်သူများ အဆင်ပြေစွာ ဝယ်ယူရရှိနိုင်ရေးအတွက် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

(အပေါ်ဝဲပုံ)

(မန္တလေးနေ့စဉ်-၆)

## မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ဝန်ထမ်းများအား (၁၂) ကြိမ်မြောက် ဟင်းသီးဟင်းရွက်များ ထောက်ပံ့ပေးအပ်

**မန္တလေး ဩဂုတ် ၂၀**



မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီဝန်ထမ်းများအား ယခုဘဏ္ဍာရေးနှစ်အတွင်း (၁၂)ကြိမ်မြောက် ဟင်းသီးဟင်းရွက်များ ထောက်ပံ့ခြင်းကို ယနေ့ နံနက်ပိုင်းက မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီရုံး ၆ထပ်ဆောင် မြေညီထပ်တွင် ပြုလုပ်ခဲ့သည်။

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ စိုက်ပျိုးရေးနှင့်မွေးမြူရေးဌာန ဘက်စုံခြံမှ ထုတ်ကုန်များဖြစ်သော ဟင်းသီးဟင်းရွက်များကို ကော်မတီ၏ လမ်းညွှန်မှုများအတိုင်း ဝန်ထမ်းများ သက်သာချောင်ချိရေးအတွက် ထောက်ပံ့ပေးခြင်းဖြစ်ပြီး ရာသီအလိုက်သီးနှံများကို စိုက်ပျိုး၍ ခူးဆွတ်ပေးဝေလျက်ရှိရာ ဆက်လက်ဖြစ်ထွန်းဝေနိုင်ရန် သီးနှံများ ပျိုးထောင်ထားရှိကြောင်း စိုက်ပျိုးရေးနှင့်မွေးမြူရေးဌာန တာဝန်ရှိသူထံမှ သိရသည်။

(၁၂)ကြိမ်မြောက် ဟင်းသီးဟင်းရွက်များကို ထောက်ပံ့ပေးအပ်ရာ ကန်စွန်းရွက် အစည်း(၃၀၀)၊ ခရမ်းသီး အထုပ်(၂၇၀)၊ ဖရုံညွန့် (၁၂၅)စည်း၊ ငရုတ်သီး အထုပ် (၇၀)၊ ဘူးသီး(၄၉)လုံး၊ ရွှေဖရုံသီး အလုံး(၂၀)၊ ချဉ်ပေါင် အစည်း(၂၁၀)၊ ပျဉ်တော်သိမ်း အစည်း(၂၀)တို့ကို ကော်မတီရုံးရှိ ဝန်ထမ်း ၅၂ ဦး၊ စီမံရေးရာဌာနရှိ ဝန်ထမ်း ၁၂၈ ဦး၊ ပြည်သူ့ဆက်ဆံရေးနှင့် ပြန်ကြားရေးဌာနရှိ ဝန်ထမ်း ၁၆၀ ဦး၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးဌာနရှိ ဝန်ထမ်း ၄၅ ဦး၊ စစ်ဆေးရေးဌာနရှိ ဝန်ထမ်း ၇၃ ဦးတို့အား ဟင်းသီးဟင်းရွက်များကို စိုက်ပျိုးရေးနှင့်မွေးမြူရေးဌာန ဌာနမှူး ဦးကျော်ဇာနည်လွင်နှင့်တာဝန်ရှိသူများက အချိုးကျခွဲဝေ ထောက်ပံ့ပေးအပ်ကြရာ သက်ဆိုင်ရာဌာန တာဝန်ရှိသူများက လက်ခံရယူခဲ့ကြကြောင်း သိရသည်။

(အပေါ်ပုံ)

(မန္တလေးနေ့စဉ်-၃)

## မန္တလာတက္ကသိုလ်တွင် လူကုန်ကူးမှုတားဆီးကာကွယ်ရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲ ကျင်းပ

**မန္တလေး ဩဂုတ် ၂၀**

၂၀၂၄-၂၀၂၅ ပညာသင်နှစ် ဒုတိယပညာသင်ကာလနှင့် ၂၀၂၅-၂၀၂၆ ပညာသင်နှစ် ပထမပညာသင်ကာလ မန္တလာတက္ကသိုလ်တွင် ပညာသင်ကြားနေကြသော ကျောင်းသား၊ကျောင်းသူများအား အသိပညာမြှင့်မားရေးအတွက် လူကုန်ကူးမှုတားဆီးကာကွယ်ရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းက အမရပူရမြို့နယ်၊ မန္တလာတက္ကသိုလ်ရှိ အမရခန်းမတွင် ကျင်းပသည်။

အခမ်းအနား၌ မန္တလာတက္ကသိုလ် ခေတ္တပါမောက္ခချုပ် ဒေါက်တာမင်းမင်းရီက လူကုန်ကူးမှုတားဆီးကာကွယ်ရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲ ကျင်းပရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားပြီးနောက် အမှတ်(၃)လူကုန်ကူးမှုတားဆီးကာကွယ်ရေးရဲတပ်ဖွဲ့မှူးရုံးမှ တပ်ဖွဲ့ခွဲမှူးဒုတိယရဲမှူးကြီးမျိုးဇင်က လူကုန်ကူးမှုတားဆီး ကာကွယ်ရေးဆိုင်ရာ အသိပညာပေး ဟောပြောခဲ့ကြောင်းနှင့် အခမ်းအနားသို့ မန္တလာတက္ကသိုလ် ဒုတိယပါမောက္ခချုပ်၊ ပါမောက္ခ (ဌာနမှူး)များ၊ သင်တန်းစီမံဌာနမှူးများ၊ ဆရာ၊ဆရာမများနှင့် အထူးပြုဘာသာရပ်အသီးသီးမှ ကျောင်းသား၊ကျောင်းသူများ တက်ရောက်ကြကြောင်း သိရသည်။



(အောက်ပုံ)

(မန္တလေးနေ့စဉ်-၄)

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ်စာ မန်း/နေ့စဉ်၊ အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၈၄၇၃၉၈၊ ၀၂-၂၈၃၂၀၀၇ ၊ mdydailynewspaper@gmail.com

ကြော်ငြာဌာန
ဖုန်း/၀၉-၇၅၁၁၇၀၁၁၉
၃၅လမ်းနှင့် ၇၁လမ်းထောင့်

☆ ရှေ့ဖုံးမှ

ရှင်းလင်းတင်ပြမှုများ အပေါ် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌက အောင်လံနယ်မြေ ဒေသလုံခြုံ တည်ငြိမ် အေးချမ်းရေးအတွက် ပူးပေါင်း ဆောင်ရွက်သွားကြရန် လိုကြောင်း၊ အောင်လံမြို့ရှိ ဆေးရုံကြီးအား သတ်မှတ်ချက်များနှင့်အညီ အဆင့်မြှင့်တင်ဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း၊ အောင်လံမြို့ရှိ မြို့နယ်ခန်းမအား စနစ်တကျ ထိန်းသိမ်းဆောင်ရွက်သွားရန်လိုကြောင်း၊ တာဝန်ရှိသူများအနေဖြင့် မြို့သန့်ရှင်းသာယာလှပစေရေး စနစ်တကျကြပ်မတ်ဆောင်ရွက်သွားရန် လိုကြောင်း မှာကြားသည်။



နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အောင်လံမြို့ရှိ ရွှေတင့်ဝမ်းမွေးမြူရေးခြံအတွင်း ဥစားကြက်များ မွေးမြူထားရှိမှုကို ကြည့်ရှုစစ်ဆေးစဉ်။

ဆက်လက်၍ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌက အမှာစကားပြောကြားရာတွင် မကွေးတိုင်းဒေသကြီး၌ စိုက်ပျိုးရေးနှင့်ပတ်သက်၍ယာမြေများကိုအသွင်ပြောင်းလယ်မြေများ အဖြစ်ဖော်ဆောင်နိုင်ရေး စီမံဆောင်ရွက်လျက်ရှိကြောင်း၊ အဓိကအားဖြင့် စိုက်ပျိုးရေးလုပ်ငန်းများကို စနစ်တကျ စိုက်ပျိုးဆောင်ရွက်နိုင်ခြင်းဖြင့် အထွက်နှုန်းများ ပိုမိုတိုးတက်လာစေရန်ဖြစ်ကြောင်း၊ သီးနှံအထွက်နှုန်းနှင့် ပတ်သက်၍ မကွေးတိုင်းဒေသကြီး အတွင်း ပန်းတိုင်ရည်မှန်းချက် ပြည့်မီမှုမရှိသေးသည်ကို တွေ့ရကြောင်း၊ ပန်းတိုင်ရည်မှန်းချက် ပြည့်မီမှုမရှိခြင်းကြောင့် အောင်လံခရိုင်တွင် နှစ်စဉ်ဝင်ငွေ ငွေကျပ် ၄၆၅ ဘီလီယံခန့် လျော့နည်းလျက်ရှိသည်ကို တွေ့ရှိရကြောင်း၊ ပန်းတိုင်ရည်မှန်းချက်ပြည့်မီအောင် ဆောင်ရွက်ခြင်းဖြင့် ကုန်ထုတ်လုပ်မှုများ တိုးတက်လာမည်ဖြစ်ပြီး ဒေသတွင်းဝယ်လိုအားနှင့် ရောင်းလိုအားများ တိုးတက်ကောင်းမွန်လာကာ ဒေသစီးပွားကို များစွာအထောက်အကူပြုစေမည်ဖြစ်ကြောင်း။

ထို့ကြောင့် အထွက်နှုန်းများ ပိုမိုတိုးတက် ကောင်းမွန်စေရေး စိုက်ပျိုးရေးအတွက် အဓိကလိုအပ်ချက်ဖြစ်သည့် မျိုး၊ မြေ၊ ရေ၊ နည်းများ လုံလောက်ကောင်းမွန်စွာ မြစ်ရေများကို စနစ်တကျအသုံးချရန်လိုကြောင်း၊ စိုက်ပျိုးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် နည်းစနစ်တကျဖြင့် စိုက်ပျိုးရန်လည်းလိုကြောင်း၊ စိုက်ပျိုးရေးလုပ်ငန်းများမှ သီးနှံအထွက်နှုန်းများ ပိုမိုတိုးတက်ထွက်ရှိအောင် ဆောင်ရွက်နိုင်ခြင်းဖြင့် ဒေသတွင်းဆန့်ဖူလုံလာမည်ဖြစ်ပြီး ဒေသထွက်သီးနှံများဖြစ်သည့် ဆီထွက်သီးနှံနှင့် ပဲမျိုးစုံကိုလည်း ပိုမိုတိုးတက် ထုတ်လုပ်လာနိုင်မည်ဖြစ်သဖြင့် ဒေသအတွက် များစွာအကျိုးဖြစ်ထွန်းစေမည် ဖြစ်ကြောင်း။

လျှပ်စစ်ဓာတ်အား လိုအပ်ချက်နှင့်ပတ်သက်၍ နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ဓာတ်အားသဖြင့် အဆိုပါတိရစ္ဆာန်အစာများကို အသုံးပြု၍ ကြက်၊ ဝက်၊ ဆိတ်၊ နွားများကို မွေးမြူနိုင်ကြောင်း၊ ထိုသို့မွေးမြူ ဆောင်ရွက်ခြင်းဖြင့် ဒေသစားရေးကို ပိုမိုအထောက်အကူပြုနိုင်မည်ဖြစ်ကြောင်း။

ဒေသအတွင်း စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများအတွက် လိုအပ်သည့် လူသားအရင်းအမြစ်များ ရရှိရေးအတွက် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး အထက်တန်းကျောင်းများကို ဖွင့်လှစ်သင်ကြားပေးလျက်ရှိကြောင်း၊ တောင်သူများအား စိုက်ပျိုးရေးလုပ်ငန်းများနှင့် ပတ်သက်၍ အသိပညာပေးခြင်းလုပ်ငန်းများကို သက်ဆိုင်ရာတာဝန်ရှိသူများက စဉ်ဆက်မပြတ်ဆောင်ရွက်ပေးကြစေလိုကြောင်း၊ ရရှိအောင် ဆောင်ရွက်ကြရန်လိုကြောင်း၊ ဒေသနှင့်ကိုက်ညီသည့် မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးနိုင်ရန်လိုသကဲ့သို့ မြေကောင်းမွန်မှုရှိစေရေး မြေပြုပြင်ခြင်းလုပ်ငန်းများနှင့် သဘာဝမြေသြဇာများကို အသုံးပြုရန်လိုကြောင်း၊ အလားတူ စိုက်ပျိုးရေ လုံလောက်စွာရရှိစေရန်အတွက် နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်မြစ်ရေတင်လုပ်ငန်းများ အသုံးပြု၍ ရှိပြီးသားရေအရင်းအမြစ်ဖြစ်သော ဧရာဝတီထုတ်လုပ်ခြင်း လုပ်ငန်းများကို ဆောင်ရွက်နိုင်ကြောင်း၊ ဒေသတစ်ခု တိုးတက်ရေးအတွက် စိုက်ပျိုးမွေးမြူရေး ကုန်ထုတ်လုပ်ငန်းများ တိုးတက်အောင် ဆောင်ရွက်ခြင်းပင်ဖြစ်ကြောင်း၊ အောင်လံမြို့နယ်အတွင်း မွေးမြူရေးလုပ်ငန်း လုပ်ဆောင်မှုများ အားနည်းနေသည်ကို တွေ့ရှိရကြောင်း၊ စိုက်ပျိုးရေးလုပ်ငန်းများမှထွက်ရှိသည့် ပစ္စည်းများဖြင့် တိရစ္ဆာန်အစာများ ထုတ်လုပ်နိုင်အောင်လံဒေသအတွင်း ဝါစိုက်ပျိုးမှုများ ဆောင်ရွက်လျက်ရှိသဖြင့် ဝါနှင့်ပတ်သက်သည့် စက်မှုလုပ်ငန်းများကို အခြေခံမှစ၍ ဆောင်ရွက်သွားကြရန်လိုကြောင်း၊ ဒေသအတွင်း စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို တိုးတက်အောင် ဆောင်ရွက်နိုင်ခြင်းဖြင့် ဒေသစီးပွားတိုးတက်ရေးကို များစွာအထောက်အကူပြုမည်ဖြစ်ကြောင်း။

အောင်လံခရိုင်အတွင်း ကျောင်းသား ကျောင်းသူများ တန်းစဉ်ကူးပြောင်းမှုများ အားနည်းလျက်ရှိသည်ကိုတွေ့ရကြောင်း၊တန်းစဉ်ကူးပြောင်းမှုများ မြင့်မားလာမှသာ လူတစ်ဦးချင်း၏ တိုးတက်မှုများရှိလာမည်ဖြစ်ပြီး ဒေသဖွံ့ဖြိုးတိုးတက်မှုကိုလည်း အထောက်အကူပြုနိုင်မည် ဖြစ်ကြောင်း၊ ဒေသအတွင်း စီးပွားရေးတိုးတက်ကောင်းမွန်စေရန်အတွက် ပညာတတ် လူသားအရင်းအမြစ်များပေါ်များကြွယ်ဝအောင် ဆောင်ရွက်ပေးကြရန်လိုကြောင်း၊ **"အမျိုးသားစည်းကမ်းအစ စာသင်ကျောင်းက"** ဆိုသည့်အတိုင်း ပညာသင်ကြားမှုအဆင့်အလိုက် တစ်ဦးချင်း၏ စိတ်ဓာတ်နှင့် စည်းကမ်းကောင်းမွန်မှုများ ကွာခြားသွားကြကြောင်း၊ ထို့ကြောင့် ကျောင်းနေရာခိုင်နှုန်းများ ကောင်းမွန်ပြီး တန်းစဉ် ကူးပြောင်းမှုများ ကောင်းမွန်အောင် ဝိုင်းဝန်းဆောင်ရွက်ပေးကြစေလိုကြောင်း၊ ပညာရေး ကောင်းမွန်အောင်ဆောင်ရွက်ခြင်းဖြင့် ဒေသတည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကိုလည်း များစွာအထောက်အကူပြုစေမည်ဖြစ်ကြောင်း။



အောင်လံမြို့ အဝေးပြေးယာဉ်ရပ်နားစခန်းအဆင့်မြှင့်တင်တည်ဆောက်ထားရှိမှုကို တွေ့ရစဉ်။

အောင်လံ ဒေသအတွင်း သစ်တောသစ်ပင်များကို ထိန်းသိမ်းဆောင်ရွက်ကြရန် လိုကြောင်း၊ သစ်ပင်သစ်တောများ ရှိမှသာ သဘာဝ ဘေးဒဏ်များကို ထိုက်သင့်သလောက် လျှော့ချပေးနိုင်မည်ဖြစ်ကြောင်း၊ မိမိအနေဖြင့် နိုင်ငံတော်တာဝန် ယူချိန်မှစ၍ ကျေးရွာများ၌ တစ်ရွာလျှင် ထင်းစိုက်ခင်း နှစ်ဧကနှုန်းဖြင့် စိုက်ပျိုးရန် မှာကြားထားကြောင်း၊ အလားတူ မြို့ရွာများ၊ ရပ်ကွက်များအလိုက် တစ်အိမ်လျှင် သစ်ပင်တစ်ပင်နှုန်း နှစ်စဉ်စိုက်ပျိုးသွားမည်ဆိုပါက သစ်ပင်သစ်တောများ ပိုမိုများပြားလာမည် ဖြစ်ကြောင်း၊ လမ်းဧရိယာများ၌လည်း သစ်ပင်များစိုက်ပျိုးခြင်းဖြင့် ပတ်ဝန်းကျင် စိမ်းလန်းစိုပြည်လာမည် ဖြစ်ကြောင်း။

မြန်မာနိုင်ငံ ခေတ်အဆက်ဆက်တွင် အုပ်ချုပ်ရေးစနစ်များ ပုံစံအမျိုးမျိုးဖြင့် အဆင့်ဆင့် ပြောင်းလဲလာခဲ့ကြောင်း၊ ကိုလိုနီခေတ်၌ ခရိုင်အုပ်ချုပ်ရေးကို အခြေခံသည့် မြို့ပိုင်၊ နယ်ပိုင်၊ အရေးပိုင် စသည့်ပုဂ္ဂိုလ်များက ဒေသအလိုက် လက်တွေ့အကောင်အထည်ဖော်ရသော အုပ်ချုပ်ရေးကို ဆောင်ရွက်ခဲ့ကြောင်း၊ လွတ်လပ်ရေးရပြီးစ ပါလီမန်ဒီမိုကရေစီစနစ်၌လည်း ၎င်းစနစ်ကိုပင် အခြေခံ၍ ကျင့်သုံးဆောင်ရွက်ခဲ့ကြောင်း၊ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီခေတ်၌ အုပ်ချုပ်ရေးမှူးများ၏အပေါ်တွင် ကောင်စီဥက္ကဋ္ဌများက တာဝန်ယူဆောင်ရွက်ခဲ့ကြောင်း၊ နဝတခေတ်တွင် တပ်မတော်က ခန့်အပ်သည့်ဥက္ကဋ္ဌများက ဦးဆောင်၍ ဆောင်ရွက်ခဲ့ပြီး နယကခေတ်မှစ၍ မြို့နယ်၊ ခရိုင် အုပ်ချုပ်ရေးမှူးများက ဦးဆောင် ဆောင်ရွက်ခဲ့ကြောင်း၊ မိမိတို့အစိုးရ လက်ထက်တွင်လည်း ဒေသအလိုက် ခရိုင်အုပ်ချုပ်ရေးမှူး၊ မြို့နယ်အုပ်ချုပ်ရေးမှူးများက ဦးဆောင်၍ ဒေသဖွံ့ဖြိုးရေး၊ တရားဥပဒေစိုးမိုးရေး၊ အုပ်ချုပ်ရေးတို့ကို ဒီမိုကရေစီစနစ်နှင့်အညီ ဆောင်ရွက်စေခဲ့ကြောင်း။

စာမျက်နှာ ၄ သို့ ☆

❖ မကွေးတိုင်းဒေသကြီး၌ စိုက်ပျိုးရေးနှင့်ပတ်သက်၍ ယာမြေများကို အသွင်ပြောင်းလယ်မြေများအဖြစ် ဖော်ဆောင်နိုင်ရေး စီမံဆောင်ရွက်လျက်ရှိ၊ အဓိကအားဖြင့် စိုက်ပျိုးရေးလုပ်ငန်းများကို စနစ်တကျ စိုက်ပျိုးဆောင်ရွက်နိုင်ခြင်းဖြင့် အထွက်နှုန်းများ ပိုမိုတိုးတက်လာစေရန်ဖြစ်၊ သီးနှံအထွက်နှုန်းနှင့်ပတ်သက်၍ မကွေးတိုင်းဒေသကြီးအတွင်း ပန်းတိုင်ရည်မှန်းချက် ပြည့်မီမှုမရှိသေးသည်ကို တွေ့ရ

❖ ပန်းတိုင်ရည်မှန်းချက် ပြည့်မီမှုမရှိခြင်းကြောင့် အောင်လံခရိုင်တွင် နှစ်စဉ်ဝင်ငွေ ငွေကျပ် ၄၆၅ ဘီလီယံခန့် လျော့နည်းလျက်ရှိသည်ကို တွေ့ရှိရ၊ ပန်းတိုင်ရည်မှန်းချက်ပြည့်မီအောင် ဆောင်ရွက်ခြင်းဖြင့် ကုန်ထုတ်လုပ်မှုများ တိုးတက်လာမည်ဖြစ်ပြီး ဒေသတွင်းဝယ်လိုအားနှင့် ရောင်းလိုအားများ တိုးတက်ကောင်းမွန်လာကာ ဒေသစီးပွားကို များစွာအထောက်အကူပြုစေမည်

☆ စာမျက်နှာ ၃ မှ

ဒေသတစ်ခု တိုးတက်ရေးအတွက် ဒေသတွင်းနေထိုင်ကြသူများတွင် တာဝန်ရှိပြီး ဒေသကို ဦးဆောင်အုပ်ချုပ်နေသူများတွင်လည်းတာဝန်ရှိကြောင်း၊ ထို့ကြောင့် မိမိတို့ တာဝန်ထမ်းဆောင်နေသည့် ဒေသအတွင်း ခရိုင်၊ မြို့နယ်များအလိုက် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို တတ်နိုင်သမျှ အကောင်အထည်ဖော် ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ နိုင်ငံတော်မှချမှတ်ပေးထားသည့် မူဝါဒများနှင့်အညီ ဒေသဖွံ့ဖြိုးတိုးတက်ရေးကို ဒေသအတွင်း တာဝန်ရှိသူများက မှန်မှန်ကန်ကန်ဖြင့် ဦးဆောင်၍အကောင်အထည်ဖော်ဆောင်ရွက်ပေးရန် လိုကြောင်း၊ သက်ဆိုင်ရာဌာနချင်း အလိုက်ညှိနှိုင်း၍ လုပ်ငန်းများကို ဆောင်ရွက်ခြင်းဖြင့် ခရိုင်အလိုက်၊ မြို့နယ်အလိုက် ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း၊ အောင်လံခရိုင်အတွင်း အခြေခံကောင်းများရှိပြီးဖြစ်သဖြင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် အားလုံးကပိုင်းဝန်းဆောင်ရွက်ပေးကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် အောင်လံမြို့ရှိ ရွှေတင့်ဝမ်း မွေးမြူရေးဇုန်သို့ ရောက်ရှိကြပြီး မွေးမြူရေးဇုန်အတွင်း ဥစားကြက်များ မွေးမြူထားရှိမှုကို လိုက်လံကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြမှုများ အပေါ် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌက မွေးမြူရေးလုပ်ငန်းများအား စနစ်တကျဖြင့် ဆောင်ရွက်သွားရန်၊ မွေးမြူရေးဇုန်အတွင်း အရိပ်ရလေကာပင်များ စိုက်ပျိုးသွားရန်နှင့် သန့်ရှင်းမှုများရှိစေရေး စနစ်တကျ ဆောင်ရွက်သွားရန် မှာကြားသည်။

ယင်းနောက် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် အောင်လံမြို့ အဝေးပြေးယာဉ်ရပ်နားစခန်း အဆင့်မြှင့်တင် တည်ဆောက်ထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် ယာဉ်ရပ်နားစခန်းအတွင်း ယာဉ်ရပ်နားမှုများ စနစ်တကျဖြစ်စေရေးဆောင်ရွက်ရန်၊ အရိပ်ရလေကာပင်များအား စနစ်တကျ စိုက်ပျိုးသွားရန်၊ ယာဉ်ရပ်နားစခန်းအနီးပတ်ဝန်းကျင်၌ ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်မှုကို အထောက်အကူပြုစေမည့်သစ်တောငယ်များ စိုက်ပျိုး ဆောင်ရွက်သွားရန်နှင့် အခြားလိုအပ်သည်များ လမ်းညွှန်မှာကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရာပြည့် ပြည်ထောင်စုတိုင်းရင်းသားကျေးရွာ(ရန်ကုန်) လုပ်ငန်းဆောင်ရွက်မှု ကြည့်ရှုစစ်ဆေး

ရန်ကုန် ဩဂုတ် ၂၀

နယ်စပ်ရေးရာဝန်ကြီးဌာနနှင့် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်သည် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ ရန်ကုန်တိုင်းဒေသကြီး လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး၊ တိုင်းရင်းသားရေးရာဝန်ကြီးတို့နှင့်အတူ ယနေ့နံနက်ပိုင်းက ပြည်ထောင်စုတိုင်းရင်းသားကျေးရွာ အစည်းအဝေးခန်းမ၌ နယ်စပ်ရေးရာဝန်ကြီးဌာနနှင့် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာနတို့မှ ဝန်ထမ်းများနှင့်တွေ့ဆုံသည်။



ဦးစွာ ပြည်ထောင်စုဝန်ကြီးက မိမိတို့ဝန်ကြီးဌာန၏ အဓိကတာဝန်ဖြစ်သည့် တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးများ နစ်နာဆုံးရှုံးမှုမရှိစေရေး တည်ဆဲဥပဒေများနှင့်အညီ ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ တိုင်းရင်းသား MSME လုပ်ငန်းများကို ဌာနအနေဖြင့် လက်လှမ်းမီသမျှ ကူညီဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ပညာရေးကဏ္ဍတွင် တိုင်းရင်းသားကလေးငယ်များ ဘာသာစကားအခက်အခဲကိုကျော်လွှား၍ ကျောင်းထွက်နှုန်းလျော့နည်းလာစေရေး ကြိုးပမ်းဆောင်ရွက်ကြရန်လိုအပ်ကြောင်း၊ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်၌ ပြည်ထောင်စုတိုင်းရင်းသားကျေးရွာ(ရန်ကုန်)တွင် အကောင်အထည်ဖော်ဆောင်ရွက်မည့်လုပ်ငန်းများကို ဘဏ္ဍာရေးစည်းမျဉ်းစည်းကမ်းများ၊ စံချိန်စံညွှန်းများနှင့်အညီ အချိန်မီပြီးစီးရေး ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ဒုတိယဝန်ကြီး ဦးဇော်အေးမောင်က ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် ပြည်ထောင်စုတိုင်းရင်းသားကျေးရွာ(ရန်ကုန်)၏ ငွေလုံးငွေရင်းဖြင့်ဆောင်ရွက်မည့် သန်း ၂၀ အောက်လုပ်ငန်းများနှင့် သန်း ၂၀ အထက် တင်ဒါလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေမှု၊ ပြည်ထောင်စုတိုင်းရင်းသားကျေးရွာ(ရန်ကုန်)၏ ဝင်ငွေရရှိမှုနှင့် ပုံမှန်လုပ်ငန်းဆောင်ရွက်မှုများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဝန်ထမ်းများ၏ တင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီးက ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် ပြည်ထောင်စုတိုင်းရင်းသားကျေးရွာ (ရန်ကုန်)၏ ရိုးရာအိမ်များ၊ နန်းမြင့်မျှော်စင်၊ ဆလုံပြခန်းနှင့် ဝန်ထမ်းအိမ်ရာများအတွင်း အသုံးပြုနိုင်ရန် Solar Panel ၅၈ လုံး ပေးအပ်ရာ ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများက လက်ခံရယူကြသည်။

ထို့နောက် ပြည်ထောင်စုတိုင်းရင်းသားကျေးရွာ(ရန်ကုန်)အတွင်း လုပ်ငန်းဆောင်ရွက်ထားရှိမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်



# ပခုက္ကူမြို့၌ ကျောင်းစာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးလှုပ်ရှားမှု အခမ်းအနားကျင်းပ

ပခုက္ကူ ဩဂုတ် ၂၀

မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့က ကြီးမှူးကျင်းပသော ကျောင်းစာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးလှုပ်ရှားမှုအခမ်းအနားကို ယနေ့နံနက် ၉ နာရီခွဲက ပခုက္ကူမြို့ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည်။

ဦးစွာ ပခုက္ကူမြို့ အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများက "မြန်မာ့ကျောင်း" သီချင်းဖြင့် သီဆိုဖျော်ဖြေ၍ အခမ်းအနားဖွင့်လှစ်ကြပြီး ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမြင့်နိုင်က အမှာစကားပြောကြားသည်။

ထို့နောက် ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးလှုပ်ရှားမှုအတွင်း ထည့်သွင်းကျင်းပခဲ့သော အလယ်တန်းအဆင့်ပုံပြင်ပြောပြိုင်ပွဲ၊ အလယ်တန်းအဆင့်ပန်းချီပြိုင်ပွဲနှင့် မူလတန်းအဆင့်ကဗျာရွတ်ဆိုပြိုင်ပွဲတို့တွင် ဆုရရှိသူများနှင့် "အမြဲမပြတ်လေ့လာသင်ယူရေးစကားဝိုင်း" " Never Stop Learning Talk Show" တွင် ပါဝင်ဆွေးနွေးခဲ့ကြသည့် ကျောင်းသား ကျောင်းသူများအား ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ခြင်း၊ ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ခင်းကျင်းပြသထားသည့် စာအုပ်ပြပွဲနှင့် လှပသာယာပြည်မြန်မာရောင်စုံဓာတ်ပုံပြဘုတ်များ၊ ဉာဏ်စမ်းပဟေဠိပြိုင်ပွဲနှင့် မြန်မာ့စကားပုံဆက်ပြိုင်ပွဲအား လှည့်လည်ကြည့်ရှုအားပေးခြင်းများ ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

ဘာမီသာ(ပခုက္ကူ)

# တရုတ်နိုင်ငံ ကွမ်ရှီးရုပ်သံ ရိုက်ကူးရေးအဖွဲ့ တရုတ်နိုင်ငံသို့ ပြန်လည်ထွက်ခွာ

နေပြည်တော် ဩဂုတ် ၂၀

"ပွင့်လန်းသာယာ လန်ချန်း - မဲခေါင်ဂေဟာ" ရုပ်သံမှတ်တမ်း အစီအစဉ်ရိုက်ကူးရေး ဆောင်ရွက်ခဲ့သည့် တရုတ်နိုင်ငံ နန်နင်းမြို့ ကွမ်ရှီးအသံလွှင့်နှင့် ရုပ်မြင်သံကြားဌာနမှ ညွှန်ကြားရေးမှူးမစ္စတာ Yang Chun ဦးဆောင်သည့်အဖွဲ့သည် ရိုက်ကူးရေးလုပ်ငန်းများပြီးစီးသဖြင့် ယနေ့ မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် ပြန်လည်ထွက်ခွာသွားသည်။




အဆိုပါအဖွဲ့သည် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားနှင့် ပူးပေါင်းပြီး ဩဂုတ် ၁၂ ရက်မှ ၁၅ ရက်ထိ နေပြည်တော်ရှိ အောင်သာကျေးရွာတွင် သောက်ရေသန့်ရရှိရေးဆောင်ရွက်မှု၊ သစ်တောသုတေသနဌာန (ရေဆင်း)တွင် သုတေသန ဆောင်ရွက်မှုနှင့် အမျိုးသား ပရဆေးဥယျာဉ် (နေပြည်တော်)ရှိ ဆေးဖက်ဝင် ပရဆေးပျိုးဥယျာဉ်တွင် ဆောင်ရွက်ထားရှိမှုတို့ကို လည်းကောင်း၊ ဩဂုတ် ၁၆ ရက်မှ ၁၉ ရက်အထိ ပဲခူးမြို့နယ် ရွာသစ်ကျေးရွာရှိ လန်ချန်း-မဲခေါင် ပူးပေါင်းဆောင်ရွက်မှု စီမံကိန်းအရ အစားအစာ တီထွင်ဆန်းသစ်မှုနှင့် ဆက်စပ်လုပ်ငန်းများ ဆောင်ရွက်မှု အထူးရန်ပုံငွေဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများ၊ ဒဂုံမြို့သစ်မြောက်ပိုင်းရှိ သီတဂူ ကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်နှင့် ရန်ကုန်မြို့တွင်းရှုခင်းများ၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ သုတေသနဌာနနှင့် တီထွင်ဆန်းသစ်မှုဦးစီးဌာနတွင် ၂၀၂၀ ပြည့်နှစ် လန်ချန်း-မဲခေါင် ပူးပေါင်းဆောင်ရွက်မှု၊ Solar Energy Exhibition Center၊ သုတေသနနှင့် တီထွင်ဆန်းသစ်မှုဦးစီးဌာန အမျိုးသားဓာတ်ခွဲခန်းတွင် MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ကုန်ကြမ်းကုန်ချောများ အရည်အသွေး ဓာတ်ခွဲတိုင်းတာ ဆောင်ရွက်မှုနှင့် အသီးအနှံ အခြောက်ခံစက်ကြီးများဖြင့် မြင်းခွာရွက်အား အခြောက်ခံပြီး အမှုန့်ကြိတ်လုပ်ဆောင်မှုတို့ကို လည်းကောင်း ရုပ်သံမှတ်တမ်း ရိုက်ကူးခဲ့ကြသည်။

"ပွင့်လန်းသာယာ လန်ချန်း-မဲခေါင်ဂေဟာ" ရုပ်သံမှတ်တမ်း အစီအစဉ်တွင် လန်ချန်း-မဲခေါင် ဒေသနိုင်ငံများ ဖြစ်ကြသည့် တရုတ်၊ ကမ္ဘောဒီးယား၊ လာအို၊ မြန်မာ၊ ထိုင်းနှင့် ဗီယက်နမ်နိုင်ငံတို့တွင် ရိုက်ကူးထားသည့် ရုပ်သံမှတ်တမ်းများအား စုစည်း၍ တည်းဖြတ်ပြီးပါက သက်ဆိုင်ရာနိုင်ငံများရှိ ရုပ်သံလိုင်းများ၌ ထုတ်လွှင့်ပြသနိုင်ရန် ဖြန့်ဝေပေးပို့သွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

နေရောင်အောက်က သက်ရှိတွေကို စောင့်ရှောက်ဖို့ အိုဇုန်းလွှာကို ထိန်းသိမ်းစို့

# နိုင်ငံရေးပါတီများ ပါတီဝင်ဦးရေနှင့် ပါတီရုံးခန်းများ သတ်မှတ်အရေအတွက်ပြည့်မီရေးဆောင်ရွက်ပြီး နောက်ဆုံးတင်ပြရမည့်နေ့ရက် ထုတ်ပြန်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်
အမိန့်ကြော်ငြာစာအမှတ် ( ၅၆ / ၂၀၂၅ )

၁၃၈၇ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၁၂ ရက်
( ၂၀၂၅ ခုနှစ်၊ ဩဂုတ် လ ၂၀ ရက် )

**နိုင်ငံရေးပါတီများ ပါတီဝင်ဦးရေနှင့် ပါတီရုံးခန်းများ သတ်မှတ်အရေအတွက်ပြည့်မီရေးဆောင်ရွက်ပြီး နောက်ဆုံးတင်ပြရမည့် နေ့ရက် ထုတ်ပြန်ခြင်း**

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်) ပုဒ်မ ၃၉၉ (က)နှင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥပဒေ ပုဒ်မ ၁၀ ပါ တာဝန်နှင့်လုပ်ပိုင်ခွင့်များအရ ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၂၈ ရက်နေ့တွင် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း(၁)ကို စတင်ကျင်းပမည်ဖြစ်ကြောင်း ကြေညာချက်အမှတ်( ၅၅ / ၂၀၂၅ )ဖြင့် ထုတ်ပြန်ကြေညာခဲ့ပြီးဖြစ်ပါသည်။

၂။ နိုင်ငံရေးပါတီများ၏ ပါတီဝင်အင်အားစာရင်းနှင့်စပ်လျဉ်း၍ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေ ပုဒ်မ ၅ ပုဒ်မခွဲ(စ)အရ ရွေးကောက်ပွဲကျင်းပမည့်နေ့ရက်မတိုင်မီ အနည်းဆုံးရက်ပေါင်း ၉၀ ကြိုတင်၍ ကော်မရှင်ကအမိန့်ကြော်ငြာစာဖြင့် ထုတ်ပြန်သည့်နေ့ရက်အတွင်း ပြည်ထောင်စုတစ်ဝန်းလုံး စည်းရုံးမည့်ပါတီဖြစ်ပါက ပါတီဝင်ဦးရေ အနည်းဆုံး ၅၀၀၀၀ ကိုလည်းကောင်း၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တစ်ခုအတွင်း၌သာ စည်းရုံးမည့်ပါတီဖြစ်ပါက ပါတီဝင်ဦးရေ အနည်းဆုံး ၁၀၀၀ ကိုလည်းကောင်း စည်းရုံးရမည်ဖြစ်ပါသည်။

၃။ ပါတီရုံးခန်းဖွင့်လှစ်ခြင်းနှင့်စပ်လျဉ်း၍ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေ ပုဒ်မ ၅ ပုဒ်မခွဲ(ဓ) အရ ရွေးကောက်ပွဲကျင်းပမည့်နေ့ရက်မတိုင်မီ အနည်းဆုံး ရက်ပေါင်း ၉၀ ကြိုတင်၍ ကော်မရှင်က အမိန့်ကြော်ငြာစာဖြင့် ထုတ်ပြန်သည့်နေ့ရက်အတွင်း ပြည်ထောင်စုတစ်ဝန်းလုံး စည်းရုံးမည့်ပါတီဖြစ်ပါက ပြည်ထောင်စုတစ်ဝန်းလုံးရှိ မြို့နယ်အားလုံး၏ အနည်းဆုံး သုံးပုံတစ်ပုံ၌လည်းကောင်း၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တစ်ခုအတွင်း၌သာ စည်းရုံးမည့်ပါတီဖြစ်ပါက ထိုတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် အတွင်းရှိမြို့နယ်အားလုံး၏ အနည်းဆုံး ၅ မြို့နယ်၌လည်းကောင်း ပါတီရုံးခန်းများ ဖွင့်လှစ်ရမည်ဖြစ်ပါသည်။

၄။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ကျင်းပမည့်ရွေးကောက်ပွဲတွင် ပါတီများအားလုံး ပါဝင်နိုင်ရေးအတွက် ရည်မှန်းကာ ပါတီဝင်ဦးရေပြည့်မီစေရေးနှင့် သတ်မှတ်ပါတီရုံးခန်းအရေအတွက် ပြည့်မီအောင် ဖွင့်လှစ်နိုင်ရေး အချိန်မီဆောင်ရွက်နိုင်ရန် နိုင်ငံရေးပါတီများသို့ ကြိုတင်အကြောင်းကြားခဲ့ပြီးဖြစ်ပါသည်။ သတ်မှတ်ရက်အတွင်း ဆောင်ရွက်နိုင်ခြင်းမရှိပါက နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်း ဥပဒေ ပုဒ်မ ၁၂ အရ အရေးယူဆောင်ရွက်မည်ဖြစ်ပါသည်။

၅။ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေ ပုဒ်မ ၅ ပုဒ်မခွဲ(စ)နှင့် (ဓ)တို့အရ နိုင်ငံရေးပါတီများ ပါတီဝင်ဦးရေနှင့် ပါတီရုံးခန်းများ သတ်မှတ်အရေအတွက်ပြည့်မီရေး ဆောင်ရွက်ပြီး ကော်မရှင်သို့ နောက်ဆုံးတင်ပြရမည့်နေ့ရက်ကို ၇ - ၉ - ၂၀၂၅ ( တနင်္ဂနွေနေ့ ) သတ်မှတ်ကြောင်း ထုတ်ပြန်လိုက်သည်။

(ပုံ)သန်းစိုး
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

# ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း(၁)တွင်ပါဝင်သည့် မြို့နယ်များ သတ်မှတ်ကြေညာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်
ကြေညာချက်အမှတ် ( ၅၆ / ၂၀၂၅ )

၁၃၈၇ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၁၂ ရက်
(၂၀၂၅ ခုနှစ်၊ ဩဂုတ် လ ၂၀ ရက်)

**ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း(၁)တွင် ပါဝင်သည့် မြို့နယ်များ သတ်မှတ်ကြေညာခြင်း**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၂၈ ရက်နေ့တွင် ကျင်းပပြုလုပ်မည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း(၁)တွင် ပါဝင်သည့် မြို့နယ်(၁၀၂) မြို့နယ်အား တိုင်းဒေသကြီး/ပြည်နယ်အလိုက် ပူးတွဲပါဇယားအတိုင်း သတ်မှတ်ကြေညာလိုက်သည်။

ပူးတွဲ။ အပိုင်း(၁)တွင်ပါဝင်သည့် မြို့နယ်များစာရင်း

(ပုံ) သန်းစိုး
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ပူးတွဲ

ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ
အပိုင်း(၁)တွင်ပါဝင်သည့် မြို့နယ်များစာရင်း

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ် | ပါဝင်သည့်မြို့နယ်များ | မှတ်ချက် |
|---|---|---|---|
| ၁ | ကချင် | ၁။ တနိုင်း<br>၂။ ခေါင်လန်ဖူး<br>၃။ နောင်မွန်း<br>၄။ ပူတာအို<br>၅။ မိုးညှင်း<br>၆။ မြစ်ကြီးနား | ၆ မြို့နယ် |
| ၂ | ကယား | ၁။ ဘောလခဲ<br>၂။ လွိုင်ကော် | ၂ မြို့နယ် |
| ၃ | ကရင် | ၁။ ဘားအံ<br>၂။ မြဝတီ<br>၃။ သံတောင်ကြီး | ၃ မြို့နယ် |
| ၄ | ချင်း | ၁။ တီးတိန်<br>၂။ ဟားခါး | ၂ မြို့နယ် |
| ၅ | စစ်ကိုင်း | ၁။ လေရှီး<br>၂။ လဟယ်<br>၃။ နန်းယွန်း<br>၄။ ကလေး<br>၅။ ကသာ<br>၆။ ကန့်ဘလူ<br>၇။ ခန္တီး<br>၈။ စစ်ကိုင်း<br>၉။ တမူး<br>၁၀။ မုံရွာ<br>၁၁။ ရွှေဘို<br>၁၂။ ဟုမ္မလင်း | ၁၂ မြို့နယ် |
| ၆ | တနင်္သာရီ | ၁။ ကော့သောင်း<br>၂။ ထားဝယ်<br>၃။ ဘုတ်ပြင်း<br>၄။ မြိတ် | ၄ မြို့နယ် |
| ၇ | ပဲခူး | ၁။ ညောင်လေးပင်<br>၂။ တောင်ငူ<br>၃။ နတ်တလင်း<br>၄။ ပဲခူး<br>၅။ ပြည်<br>၆။ ရွှေတောင်<br>၇။ လက်ပံတန်း<br>၈။ သာယာဝတီ | ၈ မြို့နယ် |
| ၈ | မကွေး | ၁။ ချောက်<br>၂။ ရေနံချောင်း<br>၃။ ပခုက္ကူ<br>၄။ တောင်တွင်းကြီး<br>၅။ မကွေး<br>၆။ ပွင့်ဖြူ<br>၇။ မင်းဘူး<br>၈။ သရက်<br>၉။ အောင်လံ | ၉ မြို့နယ် |
| ၉ | မန္တလေး | ၁။ ကျောက်ဆည်<br>၂။ ညောင်ဦး<br>၃။ ပြင်ဦးလွင်<br>၄။ ချမ်းအေးသာစံ<br>၅။ မိတ္ထီလာ<br>၆။ ပျော်ဘွယ်<br>၇။ ရမည်းသင်း<br>၈။ အောင်မြေသာစံ | ၈ မြို့နယ် |
| ၁၀ | မွန် | ၁။ ကျိုက်ထို<br>၂။ ကျိုက်မရော<br>၃။ ချောင်းဆုံ<br>၄။ မော်လမြိုင်<br>၅။ သထုံ | ၅ မြို့နယ် |
| ၁၁ | ရခိုင် | ၁။ ကျောက်ဖြူ<br>၂။ စစ်တွေ<br>၃။ မာန်အောင် | ၃ မြို့နယ် |
| ၁၂ | ရန်ကုန် | ၁။ ကမာရွတ်<br>၂။ ကျောက်တံတား<br>၃။ တိုက်ကြီး<br>၄။ တွံတေး<br>၅။ ဒဂုံမြို့သစ် (တောင်ပိုင်း)<br>၆။ ဗိုလ်တထောင်<br>၇။ မရမ်းကုန်း<br>၈။ မင်္ဂလာဒုံ<br>၉။ မှော်ဘီ<br>၁၀။ သဃ်္ဃန်းကျွန်း<br>၁၁။ သန်လျင်<br>၁၂။ အလုံ | ၁၂ မြို့နယ် |
| ၁၃ | ရှမ်း | ၁။ ပင်းတယ<br>၂။ ဟိုပုံး<br>၃။ နောင်ချို<br>၄။ ကျိုင်းတုံ<br>၅။ တာချီလိတ်<br>၆။ တောင်ကြီး<br>၇။ နမ့်စန်<br>၈။ မူဆယ်<br>၉။ မိုင်းဆတ်<br>၁၀။ လားရှိုး<br>၁၁။ လင်းခေး<br>၁၂။ လွိုင်လင် | ၁၂ မြို့နယ် |

စာမျက်နှာ ၆ သို့

☆ စာမျက်နှာ ၅ မှ

| | | | |
|---|---|---|---|
| ၁၄ | ဧရာဝတီ | ၁။ ကျုံပျော်<br>၂။ ပုသိမ်<br>၃။ မအူပင်<br>၄။ မြောင်းမြ<br>၅။ ကြံခင်း | ၈ မြို့နယ် |

| | | | |
|---|---|---|---|
| | | ၆။ မြန်အောင်<br>၇။ လပွတ္တာ<br>၈။ ဟသ်ာတ | |
| ၁၅ | နေပြည်တော် | ၁။ ဇေယျာသီရိ<br>၂။ ပုဗ္ဗသီရိ<br>၃။ ဇမ္ဗူသီရိ | ၈ မြို့နယ် |

| | | | |
|---|---|---|---|
| | | ၄။ ပျဉ်းမနား<br>၅။ ဒက္ခိဏသီရိ<br>၆။ လယ်ဝေး<br>၇။ တပ်ကုန်း<br>၈။ ဥတ္တရသီရိ | |

## လွှတ်တော်အသီးသီးအတွက် လွှတ်တော်ကိုယ်စားလှယ်လောင်းများ အမည်စာရင်းတင်သွင်းခြင်း၊ ရုပ်သိမ်းခြင်း၊ စိစစ်ခြင်းတို့နှင့်စပ်လျဉ်းသည့်နေ့ရက်များ သတ်မှတ်ကြေညာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ကြေညာချက်အမှတ် ( ၅၇ / ၂၀၂၅ )

၁၃၈၇ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၁၂ ရက်
(၂၀၂၅ ခုနှစ်၊ ဩဂုတ်လ ၂၀ ရက်)

**လွှတ်တော်အသီးသီးအတွက် လွှတ်တော်ကိုယ်စားလှယ်လောင်းများ အမည်စာရင်းတင်သွင်းခြင်း၊ ရုပ်သိမ်းခြင်း၊ စိစစ်ခြင်းတို့နှင့်စပ်လျဉ်းသည့်နေ့ရက်များ သတ်မှတ်ကြေညာခြင်း**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲ နည်းဥပဒေ ၁၆ ပါလုပ်ပိုင်ခွင့်များကိုကျင့်သုံးလျက် အောက်ပါနေ့ရက်များကို သတ်မှတ်ကြေညာလိုက်သည် -

| | | |
|---|---|---|
| (၁) | လွှတ်တော်အသီးသီး၏ မဲဆန္ဒနယ်များအတွက် လွှတ်တော်ကိုယ်စားလှယ်လောင်း အမည်စာရင်း စတင်တင်သွင်းနိုင်သည့်နေ့ရက် | **၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ ၈ ရက်** |
| (၂) | လွှတ်တော်ကိုယ်စားလှယ်လောင်း အမည်စာရင်း တင်သွင်းလွှာများကို ရုပ်သိမ်းလိုက ရုပ်သိမ်းနိုင်သည့် နောက်ဆုံးနေ့ရက် | **၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ ၁၂ ရက်** |
| (၃) | PR မဲဆန္ဒနယ်တွင် ဝင်ရောက်ယှဉ်ပြိုင်သည့် နိုင်ငံရေးပါတီတစ်ခုအနေဖြင့် မိမိပါတီကိုယ်စားပြု လွှတ်တော်ကိုယ်စားလှယ်လောင်းတစ်ဦးအတွက် အမည်စာရင်း တင်သွင်းလွှာကို ရုပ်သိမ်းပါက စတင်အစားထိုး ပြန်လည်တင်သွင်းရမည့် နေ့ရက်နှင့် နောက်ဆုံးနေ့ရက် | **၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ ၁၃ ရက်မှ စက်တင်ဘာလ ၁၇ ရက်အထိ** |
| (၄) | လွှတ်တော်ကိုယ်စားလှယ်လောင်း အမည်စာရင်း တင်သွင်းလွှာများ စိစစ်မည့်နေ့ရက် | **၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ ၁၈ ရက်မှ အောက်တိုဘာလ ၄ ရက်အထိ** |

( ပုံ ) သန်းစိုး
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

## ပွင့်ဖြူမြို့နယ်၌ လျှပ်စစ်အန္တရာယ်ကင်းရှင်းရေး အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေ



ပွင့်ဖြူ ဩဂုတ် ၂၀

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ် လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးရုံးမှ မြို့နယ်လျှပ်စစ်အင်ဂျင်နီယာနှင့် ဝန်ထမ်းများက ပြည်သူများ လျှပ်စစ်အန္တရာယ်ကင်းဝေးစေရန်နှင့် ဓာတ်အားပြည့်ဝစွာ ဖြန့်ဖြူးပေးနိုင်ရန်အတွက် လျှပ်စစ်အန္တရာယ် အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခြင်းကို ဩဂုတ် ၁၈ ရက် နံနက်ပိုင်းက လူစည်ကားရာနေရာများ၌ ဆောင်ရွက်သည်။

ထိုသို့ဆောင်ရွက်ရာတွင် ပွင့်ဖြူမြို့နယ် လျှပ်စစ်အင်ဂျင်နီယာ ဦးမျိုးမင်းနိုင် ဦးဆောင်သော ဝန်ထမ်းများနှင့် ပူးပေါင်းအဖွဲ့က လျှပ်စစ်အန္တရာယ်အသိပညာပေး လက်ကမ်းစာစောင် ၃၀၀ ကို မြို့ပေါ်လူစည်ကားရာ ဈေးများ၊ လက်ဖက်ရည်ဆိုင်များနှင့် ပွင့်ဖြူမြို့ အခြေခံပညာအထက်တန်းကျောင်းတို့သို့ သွားရောက်ကာ အခမဲ့ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

လှိုင်ဝင်းလေး (ပွင့်ဖြူမြေ)

## မျိုးဆက်သစ်ဝံသာနုပါတီကို နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြု

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ကြေညာချက်အမှတ် ( ၅၈ / ၂၀၂၅ )

၁၃၈၇ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၁၂ ရက်
( ၂၀၂၅ ခုနှစ်၊ ဩဂုတ်လ ၂၀ ရက် )

**မျိုးဆက်သစ်ဝံသာနုပါတီကို နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုခြင်း**

မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံမြို့နယ်၊ ဥပုသ်တော်ရပ်ကွက်၊ ၆ လမ်းနှင့် ၇ လမ်းကြား၊ ၇၄ (B) လမ်းတွင် ပါတီရုံးချုပ်ဖွင့်လှစ်ထားရှိသော **မျိုးဆက်သစ်ဝံသာနုပါတီ** ကို ၂၀၂၅ ခုနှစ်၊ ဩဂုတ်လ ၂၀ ရက်နေ့မှစ၍ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေ ပုဒ်မ ၉ နှင့်အညီ မှတ်ပုံတင်ခွင့်ပြုကြောင်း ကြေညာလိုက်သည်။

**မျိုးဆက်သစ်ဝံသာနုပါတီ** ၏ မှတ်ပုံတင်အမှတ်မှာ (၆၁) ဖြစ်ပါသည်။

( ပုံ ) သန်းစိုး
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

## ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးရေးပါတီကို နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြု

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ကြေညာချက်အမှတ် (၅၉ / ၂၀၂၅)

၁၃၈၇ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၁၂ ရက်
( ၂၀၂၅ ခုနှစ်၊ ဩဂုတ်လ ၂၀ ရက် )

**ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးရေးပါတီကို နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုခြင်း**

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ နံ့သာကုန်းရပ်ကွက်၊ ဇီးအုန်ကုန်းလမ်း၊ မြေအမှတ် (၁၇/A) တွင် ပါတီရုံးချုပ်ဖွင့်လှစ်ထားရှိသော **ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးရေးပါတီ**ကို ၂၀၂၅ ခုနှစ်၊ ဩဂုတ်လ ၂၀ ရက်နေ့မှစ၍ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေ ပုဒ်မ ၉ နှင့်အညီ မှတ်ပုံတင်ခွင့်ပြုကြောင်း ကြေညာလိုက်သည်။

**ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးရေးပါတီ** ၏ မှတ်ပုံတင်အမှတ်မှာ (၆၂) ဖြစ်ပါသည်။

( ပုံ ) သန်းစိုး
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

## ပအိုဝ်းအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီကို နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြု

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ကြေညာချက်အမှတ် (၆၀ / ၂၀၂၅)

၁၃၈၇ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၁၂ ရက်
( ၂၀၂၅ ခုနှစ်၊ ဩဂုတ်လ ၂၀ ရက် )

**ပအိုဝ်းအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီကို နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုခြင်း**

မွန်ပြည်နယ်၊ သထုံမြို့၊ ဘင်လှိုင်ရပ်ကွက်၊ မရမ်းချောင်ရပ်၊ ခေမာရာမသီလရှင်စာသင်တိုက်ကျောင်းလမ်း၊ အမှတ် (၆၉၁) တွင် ပါတီရုံးချုပ်ဖွင့်လှစ်ထားရှိသော **ပအိုဝ်းအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ** ကို ၂၀၂၅ ခုနှစ်၊ ဩဂုတ်လ ၂၀ ရက်နေ့မှစ၍ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေ ပုဒ်မ ၉ နှင့်အညီ မှတ်ပုံတင်ခွင့်ပြုကြောင်း ကြေညာလိုက်သည်။

**ပအိုဝ်းအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ** ၏ မှတ်ပုံတင်အမှတ်မှာ (၆၃) ဖြစ်ပါသည်။

( ပုံ ) သန်းစိုး
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

# ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင် ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည်မြို့နယ်ရှိ မဟာမုနိရုပ်ရှင်တော်မြတ်၊ အောင်မြေသာစံမြို့နယ်ရှိ ဘုရားနီနှင့် အရိပ်မထွက်ဘုရား ပြန်လည်ပြုပြင်ထိန်းသိမ်းနေမှု ကြည့်ရှုစစ်ဆေး

မန္တလေး ဩဂုတ် ၂၀

သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်သည် မန္တလေးတိုင်းဒေသကြီး ဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်နှင့်အတူ ယမန်နေ့ နံနက်ပိုင်းက ချမ်းမြသာစည်မြို့နယ် မဟာမုနိရုပ်ရှင်တော်မြတ်ကြီးသို့ ရောက်ရှိပြီး သောက်တော်ရေချမ်းနှင့်ပန်းများ ဆက်ကပ်၍ မဟာမုနိဘုရားကြီး ဘက်စုံပြုပြင် မွမ်းမံနိုင်ရေးအတွက် ပြည်ထောင်စုဝန်ကြီးနှင့် ခုနစ်ရက်သားသမီးများက လှူဒါန်းထားသော အလှူတော်ငွေနှင့် မဟာမုနိဘုရားကြီး ဋ္ဌာပနာတော်အတွက် ဓာတ်တော်မွေတော်ကြုပ်များ၊ ဆင်းတုတော်နှင့် ဓမ္မစေတီများကို ဂေါပကအဖွဲ့ထံ လှူဒါန်းသည်။

ထို့နောက် မဟာမုနိဘုရားကြီးအား ရွှေသင်္ကန်းများ ကပ်လှူပူဇော်ပြီး မဟာမုနိဘုရားကြီး ပရိဝုဏ်အတွင်းရှိ ငလျင်ဒဏ်သင့် သာသနိကအဆောက်အအုံများ ပြန်လည်ပြုပြင်နေမှု အခြေအနေများကို လှည့်လည်ကြည့်ရှုကာ(အပေါ်ယာပုံ) ဘုံ(၇)ဆင့် ပြာသာဒ်တွင် တင်လှူပူဇော်မည့် အမှတ်(၁) ပြတိုက်အတွင်းရှိ စိန်ဖူးတော်၊ ရွှေထီးတော်၊ ငှက်မြတ်နားတော်များ အပူဇော်ခံထားရှိမှုအခြေအနေကို ကြည့်ရှုဖူးမြော်သည်။



ယင်းနောက် မဟာမုနိဘုရားကြီး ပရိဝုဏ်အတွင်းရှိ အစည်းအဝေးခန်းမ၌ ဘုရားကြီးပရိဝုဏ်အတွင်းရှိ သာသနိကအဆောက်အအုံများ ပြန်လည်ပြုပြင်တည်ဆောက်ရေး အစည်းအဝေးသို့တက်ရောက်၍ မဟာမုနိရုပ်ရှင်တော်မြတ်ကြီး ပြုပြင်ထိန်းသိမ်းမှုဆိုင်ရာကိစ္စရပ်များကို ဩဝါဒါဆရာတော်များထံမှ ဩဝါဒခံယူ၍ မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီ၊ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းချုပ်တို့မှ အင်ဂျင်နီယာပညာရှင်များ၊ ငလျင်ပညာရှင်များ၊ ဆက်စပ်ဌာနဆိုင်ရာများ၊ ကျွမ်းကျင်သူများနှင့် ပူးပေါင်းညှိနှိုင်းဆောင်ရွက်သွားရန်၊ ဘုရားကြီး၏ သာသနိကအဆောက်အအုံ ကြံ့ခိုင်မှုအပြည့်အဝရရှိအောင် အကောင်းဆုံးအရည်အသွေးရှိသော ဆောက်လုပ်ရေးသုံးပစ္စည်းများကို အသုံးပြုရန်နှင့် နောက်ဆုံးပေါ်နည်းပညာဖြင့် ဆောင်ရွက်သွားရန် မှာကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် အောင်မြေသာစံမြို့နယ်ရှိဘုရားနီ ဘုရားနှင့် အောင်မြေသာစံမြို့နယ်ရှိ အရိပ်မထွက်စေတီတော်ကြီးသို့ သွားရောက်၍ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့မှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးကာ ပြန်လည်ပြုပြင်ရာတွင် ဋ္ဌာပနာထည့်သွင်းရန်အတွက် ပြည်ထောင်စုဝန်ကြီးနှင့် ခုနစ်ရက်သားသမီးများက လှူဒါန်းထားသော အလှူငွေနှင့် ကြေးဗုဒ္ဓဆင်းတုတော်၊ ဓာတ်တော်စေတီတော်နှင့် ဓမ္မစေတီများကို ဂေါပကအဖွဲ့ထံ လှူဒါန်းခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# နောင်ချိုမြို့မှ ထပ်ဆင့်ထုတ်လွှင့်သော မြန်မာ့အသံနှင့် ရုပ်မြင်သံကြားအစီအစဉ်များ ပြန်လည်ထုတ်လွှင့်နိုင်ပြီဖြစ်

နေပြည်တော် ဩဂုတ် ၂၀

ရှမ်းပြည်နယ်(မြောက်ပိုင်း) နောင်ချိုမြို့တွင် အကြမ်းဖက်သောင်းကျန်းသူများ၏ လုပ်ရပ်များကြောင့် နောင်ချိုမြို့မှ DVB T2 စနစ်ဖြင့် ထပ်ဆင့်ထုတ်လွှင့်ပေးသော မြန်မာ့အသံနှင့်ရုပ်မြင်သံကြား (MRTV) အစီအစဉ်များကို ၂၀၂၄ ခုနှစ် ဇွန် ၃၀ ရက်မှ စတင်ပြီး ယာယီရပ်နားထားခဲ့ရာမှ ဩဂုတ် ၂၀ ရက် နံနက်ပိုင်းမှစ၍ ပြန်လည်ထုတ်လွှင့်နိုင်ပြီဖြစ်သည်။

မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၏ နောင်ချို ထပ်ဆင့်လွှင့်စက်ရုံမှ DVB T2 စနစ်ဖြင့် ပြန်လည်ထုတ်လွှင့်နိုင်ရန်အတွက် နေပြည်တော် မြန်မာ့အသံနှင့်ရုပ်မြင်သံကြား စက်မှုဌာနခွဲမှ ကျွမ်းကျင်အင်ဂျင်နီယာအဖွဲ့သည် ဩဂုတ် ၁၇ ရက် ညနေပိုင်းမှစ၍ ထိခိုက်ပျက်စီးခဲ့သည့် ထုတ်လွှင့်ရေးတာဝါတိုင်၊ ထုတ်လွှင့်ရေးအင်တီနာနှင့် High Frequency Feeder Cable တို့အား နေ့ညကြိုးပမ်းပြုပြင်ခြင်း၊ ပျောက်ဆုံးခဲ့သည့် လွှင့်စက်နှင့် ဆက်စပ်ပစ္စည်းများအား အစားထိုးတပ်ဆင်ခြင်းများဖြင့် ဦးစားပေးစီစဉ်ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။

ထို့အပြင် မြန်မာ့အသံရေဒီယိုနှင့် FM အစီအစဉ်များ ပြန်လည်ထုတ်လွှင့်နိုင်ရေးအတွက်လည်း ဆက်လက်ပြုပြင်လျက်ရှိပြီး စက်ရုံအဆောက်အအုံနှင့် အုတ်တံတိုင်းပျက်စီးမှုများကိုလည်း ဆက်လက်ပြုပြင်ဆောင်ရွက်လျက်ရှိကြောင်း၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ ထုတ်လွှင့်သောအစီအစဉ်များကို DTH စနစ်ဖြင့်လည်း နိုင်ငံတစ်ဝန်းသို့ တိုက်ရိုက်ထုတ်လွှင့်ပေးလျက်ရှိကြောင်း သိရသည်။

သတင်းစဉ်



# နောင်ချိုမြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများ၌ ကျောင်းသား ကျောင်းသူများ အေးချမ်းပျော်ရွှင်စွာ ပညာသင်ကြား ပြည်သူ့ဆေးရုံကြီး၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်

နေပြည်တော် ဩဂုတ် ၂၀

ရှမ်းပြည်နယ် (မြောက်ပိုင်း) နောင်ချိုမြို့၌ အကြမ်းဖက်သောင်းကျန်းသူများ၏ အကြမ်းဖက်လုပ်ရပ်များကြောင့် တစ်နှစ်နီးပါးပိတ်ထားခဲ့ရသည့် အခြေခံပညာကျောင်းများအား ၂၀၂၅ ခုနှစ် ဇူလိုင် ၂၅ ရက်မှစ၍ ပြန်လည်ဖွင့်လှစ်ပြီး ကျောင်းသားကျောင်းသူများအား စာပေပညာရပ်များကို သင်ကြားပေးလျက်ရှိသည့်အပြင် ကျောင်းအပ်လက်ခံခြင်းကိုလည်း ဆက်လက်



ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့ သုံးကျောင်း ထပ်မံဖွင့်လှစ်နိုင်တွင် အခြေခံပညာကျောင်း ခွဲ၍ နောင်ချိုမြို့နယ်အတွင်း စုစုပေါင်း အခြေခံပညာကျောင်း ၇၈ ကျောင်း ဖွင့်လှစ်နိုင်ခဲ့ပြီဖြစ်ပြီး ကျောင်းသား ကျောင်းသူ ၄၅၅ ဦး ထပ်မံ၍ ကျောင်းအပ်နှံသဖြင့် စုစုပေါင်း ကျောင်းသား ကျောင်းသူ ၉၆၇၂ ဦး အေးချမ်းပျော်ရွှင်စွာ တက်ရောက် ပညာသင်ကြားလျက်ရှိသည်။

## ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိ

ထို့အပြင် ဒေသခံတိုင်းရင်းသားပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ အဆင်ပြေချောမွေ့စေရန်အတွက် အကြမ်းဖက်သမားများ ဖျက်ဆီးခဲ့သည့် နောင်ချိုမြို့နယ် ပြည်သူ့ဆေးရုံကြီးအား ပြန်လည်ပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ကာ ဩဂုတ် ၂ ရက်တွင် ပြန်လည်ဖွင့်လှစ်၍ ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ပြည်သူ့ဆေးရုံကြီး၌ ပြင်ပလူနာ ၃၈ ဦးတို့ကို ငှက်ဖျားရောဂါ၊ တုပ်ကွေးရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေးစစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးခြင်း၊ ဒေသခံတိုင်းရင်းသား ပြည်သူ ၃၆ ဦးအား သွေးအမျိုးအစားစစ်ဆေးပေးခြင်း၊ ဒေသခံတိုင်းရင်းသား ပြည်သူ သုံးဦးအား ငှက်ဖျားပိုးစစ်ဆေးခြင်းများ ဆောင်ရွက်ပေးပြီး အတွင်းလူနာအဖြစ် ဒေသခံတိုင်းရင်းသားပြည်သူ ၃၄ ဦး တက်ရောက်ဆေးကုသမှုခံယူလျက်ရှိရာ ဆေးအဖွဲ့များက လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

ပြည့်ဝဆီများကို တတ်နိုင်သမျှ လျှော့စား၍ အသွင်ပြောင်းဆီများ စားသုံးခြင်းကို လုံးဝရှောင်ကြဉ်ကြပါစို့

# မြန်မာ-ထိုင်း နှစ်နိုင်ငံပူးတွဲ၍ ရေအရည်အသွေးစီမံခန့်ခွဲရေးဆိုင်ရာ ဆွေးနွေးပွဲကျင်းပ

နေပြည်တော် ဩဂုတ် ၂၀

မြန်မာ-ထိုင်း နှစ်နိုင်ငံပူးတွဲ၍ ရေအရည်အသွေးစီမံခန့်ခွဲရေးနှင့် လေ့လာစောင့်ကြည့်နိုင်ရေး၊ နှစ်နိုင်ငံကြား ရေအရည်အသွေးညစ်ညမ်းမှု ကာကွယ်ထိန်းချုပ်ရေးနှင့် ပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်ရန်ရည်ရွယ်၍ မြန်မာ-ထိုင်း နှစ်နိုင်ငံပူးတွဲ၍ ရေအရည်အသွေးစီမံခန့်ခွဲရေးဆိုင်ရာ ဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ Jasmine Hotel ၌ ကျင်းပသည်။ (အောက်ပုံ)

ဆွေးနွေးပွဲသို့ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီ၊ ဒုတိယဝန်ကြီး ဦးမင်းသူ၊ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအေးထွန်း၊ ရှမ်းပြည်နယ် သယံဇာတရေးရာဝန်ကြီး ဦးစိုင်းလိတ်၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာနမှ အမြဲတမ်းအတွင်းဝန်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဆက်စပ်ဌာနများမှ ကိုယ်စားလှယ်များ တက်ရောက်ကြပြီး ထိုင်းနိုင်ငံမှ ဒုတိယဝန်ကြီးချုပ်၊ ဒစ်ဂျစ်တယ်စီးပွားရေးနှင့် လူမှုရေးဝန်ကြီးဌာန ဝန်ကြီး Mr. Prasert Jantararuangtong၊ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး Ms. Theerarat Samrejvanich၊ မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံသံအမတ်ကြီး Mr. Mongkol Visitstump နှင့် ထိုင်းနိုင်ငံရှိ သက်ဆိုင်ရာဌာနများမှ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီက မြန်မာနိုင်ငံအနေဖြင့် ရေသယံဇာတနှင့် အရည်အသွေးများထိန်းသိမ်းနိုင်ရေးအတွက် အမျိုးသားအဆင့် ရေအရင်းအမြစ်ကော်မတီကို ဖွဲ့စည်းထားရှိပြီး ရေအရင်းအမြစ်များအား ဦးစားပေးကာကွယ်ထိန်းသိမ်းလျက်ရှိပါကြောင်း၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့်ပူးပေါင်းဆောင်ရွက်၍ အမျိုးသားမြေပေါ်ရေအရည်အသွေး စံချိန်စံညွှန်းကိုလည်း ၂၀၂၄ ခုနှစ်တွင် ထုတ်ပြန်ခဲ့ပြီး ရေအရည်အသွေးကို တိုင်းတာစစ်ဆေး၍ စောင့်ကြပ်ကြည့်ရှုလျက်ရှိပါကြောင်း ဆွေးနွေးပြောကြားသည်။

ထို့နောက် ထိုင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ်၊ ဒစ်ဂျစ်တယ်စီးပွားရေးနှင့် လူမှုရေးဝန်ကြီးဌာန ဝန်ကြီး Mr. Prasert Jantararuangtong က ထိုင်းနိုင်ငံအနေဖြင့်လည်း ရေအရင်းအမြစ် အရည်အသွေးနှင့်ပတ်သက်၍ အရေးကြီးကိစ္စတစ်ရပ်အနေဖြင့် ဆောင်ရွက်လျက်ရှိပါကြောင်း၊ ရေထုညစ်ညမ်းမှု ကာကွယ်ထိန်းသိမ်းရန်အတွက် မူဝါဒများချမှတ်ထားရှိပြီး နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်မှုများ စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ မြန်မာနိုင်ငံနှင့် ရေရှည်လက်တွဲ၍ ရေထုညစ်ညမ်းမှု ကာကွယ်ထိန်းသိမ်းရေးလုပ်ငန်းများကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။



ယင်းနောက် ထိုင်းနိုင်ငံမှ ညစ်ညမ်းမှုထိန်းချုပ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် ကျန်းမာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်တို့က ထိုင်းနိုင်ငံအတွင်းရှိ နမ့်ခုတ်မြစ်ရေအရည်အသွေးနှင့် ကာကွယ်ထိန်းသိမ်းဆောင်ရွက်နေမှုအခြေအနေများကို တင်ပြဆွေးနွေးပြီး အမြဲတမ်းအတွင်းဝန် ဦးလှမောင်သိန်းနှင့် ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်တို့က မြန်မာနိုင်ငံ၏ ရေအရည်အသွေးဆိုင်ရာ စီမံခန့်ခွဲမှု၊ မြေပေါ်ရေအရည်အသွေးသတ်မှတ်ချက်များ၊ ကာကွယ်ထိန်းသိမ်းရေးဆောင်ရွက်မှုနှင့် ရှေ့ဆက်ပူးပေါင်းဆောင်ရွက်နိုင်မည့် အခြေအနေများနှင့်စပ်လျဉ်း၍ တင်ပြဆွေးနွေးကြသည်။

ဆက်လက်၍ ယခုဆွေးနွေးပွဲမှ ရရှိလာသော ရလဒ်များဖြစ်သည့် ရေအရည်အသွေးစီမံခန့်ခွဲမှုအပါအဝင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုကို တိုးမြှင့်ဆောင်ရွက်သွားရန်၊ ရေအရည်အသွေးဆိုင်ရာ အချက်အလက်များကို ဖလှယ်ချင်းအပါအဝင် နှစ်နိုင်ငံမှ သက်ဆိုင်ရာဌာနများအချင်းချင်း နည်းပညာဆိုင်ရာဆွေးနွေးမှုများ ဆောင်ရွက်သွားရန်၊ ရေရှည်တည်တံ့သော ရေအရည်အသွေး စီမံခန့်ခွဲခြင်းဆိုင်ရာနယ်ပယ်တွင် လက်တွေ့ကျသော ပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်နိုင်ရေး နည်းပညာဆိုင်ရာ ပူးတွဲလုပ်ငန်းအဖွဲ့ ဖွဲ့စည်းသွားရန်နှင့် နည်းပညာအကူအညီ၊ စွမ်းဆောင်ရည် ဖွံ့ဖြိုးတိုးတက်ရေးနှင့် အသိပညာမြှင့်တင်ရေးနယ်ပယ်တို့တွင် ပူးပေါင်းဆောင်ရွက်ရန်တို့နှင့်ပတ်သက်၍ ပူးတွဲသတင်းထုတ်ပြန်သည်။

ဆွေးနွေးပွဲအပြီးတွင် ထိုင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ်၊ ဒစ်ဂျစ်တယ်စီးပွားရေးနှင့် လူမှုရေးဝန်ကြီးဌာန ဝန်ကြီး Mr. Prasert Jantararuangtong နှင့် အဖွဲ့သည် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးသို့ သွားရောက်၍ ဖူးမြော်ကြည်ညိုခဲ့ကြောင်း သိရသည်။ (အပေါ်ပုံ)

သတင်းစဉ်



# အမှတ်(၅) အခြေခံပညာအထက်တန်းကျောင်းတွင် လူငယ်စကားဝိုင်း ကျင်းပ

မန္တလေး ဩဂုတ် ၂၀

အနာဂတ်ကာလအတွက် မျိုးဆက်သစ်ကျောင်းသားလူငယ်များ ဉာဏ်ရည်မြင့်မားစေရန်နှင့် အသိပညာဖွံ့ဖြိုးတိုးတက်စေရန်အတွက် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ပူးပေါင်း၍ လူငယ်စကားဝိုင်းအခမ်းအနားကို ဩဂုတ် ၁၉ ရက် မွန်းလွဲ ၁ နာရီတွင် အမှတ်(၅)အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ ချမ်းအေးသာစံမြို့နယ် မြို့နယ်ပညာရေးမှူး ဒေါ်ဝါဝါကျော်က ကျောင်းသား၊ ကျောင်းသူများအား စိတ်ဓာတ်မြင့်မားစေရန်နှင့် စည်းကမ်းရှိစေရန်၊ ကျောင်းသားလူငယ်များပညာရေးကို ထူးချွန်စေရန်အတွက် ကြိုးစားအားထုတ်ကြရန် အဖွင့်အမှာစကား ပြောကြားခဲ့သည်။

ထို့နောက် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်မြင့်မြင့်သန်းက လူငယ်စကားဝိုင်းကျင်းပရခြင်း၏ရည်ရွယ်ချက်များပြောကြားခဲ့ပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးထွန်းထွန်းနိုင်နှင့် ကျောင်းသား၊ ကျောင်းသူခြောက်ဦးတို့က လူငယ်စကားဝိုင်းကို စတင်ပြောကြားခဲ့သည်။

လူငယ်စကားဝိုင်းတွင် မပြည့်ပြည့်ဖြိုးလင်းက "လူငယ်နှင့်ဗလငါးတန်"၊ မောင်မြတ်မင်းဟန်က "လူငယ်နှင့်အားလပ်ချိန်"၊ မငြိမ်းသစ္စာက "လူငယ်နှင့်နည်းပညာ"၊ မောင်ဟိန်းသီဟလင်းက "လူငယ်နှင့်အားကစား"၊ မနွေးမွန်ခက "လူငယ်နှင့် မျိုးချစ်စိတ်" နှင့် မောင်ဘုန်းမြင့်မြတ်က "လူငယ်နှင့်အဂတိ" စသည့်ခေါင်းစဉ် ခြောက်မျိုးဖြင့် ဆွေးနွေးပြောကြားခဲ့ကြသည်။ ဆွေးနွေးခဲ့သည့် အကြောင်းအရာများနှင့် ပတ်သက်၍ ကျောင်းသား၊ ကျောင်းသူများက သိရှိလိုသည်များကို မေးမြန်းခဲ့ရာ ဦးထွန်းထွန်းနိုင်က ပြန်လည်ဖြေကြားခဲ့ပြီး ကျောင်းအုပ်ဆရာမကြီး ဒေါက်တာညိုညိုတင်က ကျေးဇူးတင်စကား ပြောကြားခဲ့သည်။

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ကျောင်းသားလူငယ်များအတွက် ဗလငါးတန်ဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်၍ လူငယ်ရေးရာအသိပညာပေးဟောပြောပွဲများ၊ လူငယ်စကားဝိုင်းများ၊ ကလေးအလုပ်သမားပပျောက်ရေး၊ မူးယစ်ဆေးဝါးအန္တရာယ်ကာကွယ်တားဆီးရေး အကြောင်းအရာများနှင့် စွမ်းရည်မြှင့်ပြိုင်ပွဲများကို စဉ်ဆက်မပြတ် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။



(ဓာတ်ပုံ)

ချမ်းမြေ့မောင်



# ပန်းခင်းစီမံချက်အဆင့်(၃)ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပေးအပ်ခြင်းနှင့် UID နံပါတ်ထုတ်ပေးခြင်းများ ကွင်းဆင်းဆောင်ရွက်

မိုင်းယန်း ဩဂုတ် ၂၀

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ မိုင်းယန်းခရိုင်၊ မိုင်းယန်းမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ ပန်းခင်းစီမံချက်အဆင့်(၃)ဖြင့် ဆောင်ရွက်သည့် ကျောင်းသား၊ ကျောင်းသူများ၏ နိုင်ငံသားစိစစ်ရေးကတ်များ ပေးအပ်ခြင်းနှင့် ဇီဝဆိုင်ရာအချက်အလက်များ စိစစ်ကောက်ယူ၍ UID နံပါတ်ထုတ်ပေးခြင်းတို့ကို ဩဂုတ် ၁၈ ရက် နံနက် ၁၀ နာရီက ပါမိုင်ရပ်ကွက် မူလတန်းလွန်ကျောင်းတွင် ကွင်းဆင်းဆောင်ရွက်ခဲ့သည်။

ထိုသို့ ဆောင်ရွက်ပေးရာတွင် ပန်းခင်းစီမံချက်အဆင့်(၃)ဖြင့် ဆောင်ရွက်ထားသည့် ကျောင်းသား၊ ကျောင်းသူများ၏ နိုင်ငံသားစိစစ်ရေးကတ်များအား မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ဇင်ဦးနှင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူး ဦးစိုင်းသောင်းရွှေတို့က အသီးသီးပေးအပ်ပြီး UID ကတ်များ ပြုလုပ်ပေးနိုင်ရေး ဇီဝဆိုင်ရာအချက်အလက်များ စိစစ်ကောက်ယူ ဆောင်ရွက်ပေးနေမှုအခြေအနေများကို မိုင်းယန်းခရိုင်၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ခရိုင်အုပ်ချုပ်ရေးမှူး ဦးလင်းသန့်၊ ခရိုင်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ခရိုင်ဦးစီးမှူးရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဦးမြင့်ကျော်နှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှု အားပေးခဲ့ကြကြောင်း သိရသည်။

(အပေါ်ပုံ)

မြို့နယ်(ပြန်/ဆက်)

# ဂျပန်နိုင်ငံ၌ အာဖရိကဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ညီလာခံကျင်းပ

**တိုကျို ဩဂုတ် ၂၀**

ဂျပန်နိုင်ငံ ယိုကိုဟားမားတွင် အာဖရိက ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ညီလာခံတစ်ရပ်ကို ဩဂုတ် ၂၀ ရက်တွင် ကျင်းပခဲ့ကြောင်း သိရသည်။

**ပြောကြား**


ယင်းညီလာခံမှတစ်ဆင့် အာဖရိကနိုင်ငံများနှင့် ဂျပန်နိုင်ငံ၏ ဆက်ဆံရေးကို မြှင့်တင်ရန် အခွင့်အလမ်းအဖြစ် အသုံးချမည်ဟု ဝန်ကြီးချုပ် အီရှီဘာက ပြောကြားခဲ့သည်။

အာဖရိကနိုင်ငံများနှင့် ကမ္ဘာ့နိုင်ငံများ ရင်ဆိုင်နေရသောစိန်ခေါ်မှုများအပေါ် ဖြေရှင်းရေးအတွက် ပူးပေါင်းဆောင်ရွက်လိုကြောင်း ၎င်းက ပြောကြားသည်။

ဉာဏ်ရည်တုနည်းပညာနှင့် အခြားသော နယ်ပယ်များတွင် အာဖရိကနိုင်ငံများရှိ ဝန်ထမ်းများအား လေ့ကျင့်သင်ကြားပေးရန် ဂျပန်နိုင်ငံမှ ကူညီပေးမည့်အစီအစဉ်ကို ၎င်းက အဆိုပြုခဲ့သည်။

အာဖရိကဒေသ ဖွံ့ဖြိုးတိုးတက်ရေးညီလာခံတွင် ဂျပန်အစိုးရနှင့် အာဖရိကနိုင်ငံများမှ တာဝန်ရှိသူများနှင့် လုပ်ငန်းများအကြား နားလည်မှုစာချွန်လွှာ သုံးရာကျော်ကို လက်မှတ်ရေးထိုးမည်ဟု သိရသည်။

**ကိုးကား - အင်န်အိတ်ချ်ကေ**
**ဘာသာပြန် - စိုးသူရ**






# တရုတ်အခြေစိုက် လင်မ်အိတ်ခ်စ်ဒိုင်နေးမစ်ကုမ္ပဏီ လူပုံသဏ္ဍာန်စက်ရုပ်များ ထူးထူးခြားခြားမိတ်ဆက်ပြသ

**ပေကျင်း ဩဂုတ် ၂၀**

တရုတ်နိုင်ငံအခြေစိုက် စက်ရုပ်ကုမ္ပဏီဖြစ်သည့် လင်မ်အိတ်ခ်စ်ဒိုင်နေးမစ်ကုမ္ပဏီက လူပုံသဏ္ဍာန်ရှိသည့် စက်ရုပ် လင်မ်အိတ်ခ်စ်အိုလီကို မည်သည့်အခါကမျှ မပြသဖူးသေးသည့် ဖျော်ဖြေတင်ဆက်မှုဖြင့် ယမန်နေ့က မိတ်ဆက်ခဲ့ကြောင်း စီအင်န်အိုင်သတင်းဌာနက ဖော်ပြသည်။

အဆိုပါ စက်ရုပ်သည် ပြီးခဲ့သည့် သီတင်းပတ်အတွင်းက တိုက်ရိုက်ပရိသတ်ရှေ့တွင် စက်ရုပ်ပညာရပ်နှင့် ဖျော်ဖြေရေးပညာတို့ကို ပေါင်းစပ်ကာ ၎င်း၏ အကအဖွဲ့ ပွဲထွက်ပွဲ၌ ကြယ်ပွင့်တစ်ပွင့်အဖြစ် ပါဝင်ခဲ့သည်။ ထို့ပြင် စက်ရုပ်များက လှပသည့် ဘဲလေးအကပုံစံ အချို့ကိုပါ ကပြဖျော်ဖြေခဲ့သည်။

တရုတ်နိုင်ငံ၏ စက်ရုပ်တီထွင်သူ ကုမ္ပဏီက တင်ဆက်ခဲ့သည့် ယင်းပွဲထွက်ပွဲသည် လူပုံသဏ္ဍာန်ရှိ စက်ရုပ်ပညာရပ် တိုးတက်စေရန် ကုမ္ပဏီ၏တွန်းအားပေးမှုကို မီးမောင်းထိုးပြခဲ့သည်။

ယခု မိတ်ဆက်ပွဲသည် အိုလီစက်ရုပ်ကို ရည်ရွယ်ချက်အမျိုးမျိုးသုံး စက်ရုပ်တစ်ရုပ်အဖြစ် ဇူလိုင် ၃၀ ရက်တွင် တရားဝင်ထုတ်ဖော်ပြသခဲ့ပြီး နောက်ထွက်ပေါ်လာခြင်းဖြစ်ကြောင်း သိရသည်။

**Mon**




# အင်ဒိုနီးရှားဗဟိုဘဏ်က အတိုးနှုန်းများကို ထပ်မံလျှော့ချ ၂၀၂၂ ခုနှစ် နောက်ပိုင်း အနိမ့်ဆုံးသို့ ရောက်ရှိ

**ဂျကာတာ ဩဂုတ် ၂၀**

စီးပွားရေး မရေရာမှုများကြားတွင် အရှေ့တောင်အာရှ၏ အကြီးဆုံးစီးပွားရေးကို ထောက်ခံအားပေးရန်အတွက် အင်ဒိုနီးရှား ဗဟိုဘဏ်သည် ဗုဒ္ဓဟူးနေ့တွင် အတိုးနှုန်းများကို ထပ်မံလျှော့ချခဲ့ပြီး နောက်ထပ် လျှော့ချရန်ဖြစ်နိုင်ခြေရှိကြောင်း စီအင်န်အိုင်သတင်းဌာနက ဖော်ပြသည်။

အင်ဒိုနီးရှားဘဏ်အနေဖြင့် ၎င်း၏စံချိန်စံညွှန်း ၇ ရက်ပြောင်းပြန်ဝယ်ယူမှုနှုန်းကို အခြေခံပွိုင့် ၂၅ မှတ်ဖြင့် ၅ ဒသမ ၀၀ ရာခိုင်နှုန်းသို့ လျှော့ချလိုက်ပြီး ၎င်း၏ စက်တင်ဘာလနောက်ပိုင်း ပဉ္စမမြောက်နှုန်းထား လျှော့ချမှုဖြစ်ကာ ၂၀၂၂ခုနှစ် နောက်ပိုင်းအနိမ့်ဆုံးအဆင့်သို့ ရောက်ရှိစေခဲ့သည်။

စစ်တမ်းကောက်ယူခဲ့သော စီးပွားရေးပညာရှင် ၂၉ ဦးအနက် ၅ ဦးသာ အတိုးနှုန်း လျှော့ချမည်ဟု မျှော်မှန်းခဲ့ကြပြီး အခြားလူများကမူ အတိုးနှုန်းကို ဆက်လက်ထိန်းထားမည်ဟု မျှော်လင့်ခဲ့ကြောင်း သိရသည်။

**Mon**



# အိမ်ဖြူတော်က တစ်တော့အက်ပလီကေးရှင်း စတင်အသုံးပြု

**ဝါရှင်တန် ဩဂုတ် ၂၀**

အိမ်ဖြူတော်က ၎င်း၏ တရားဝင်တစ်တော့အကောင့်ကို ဩဂုတ် ၁၉ ရက်တွင် စတင်ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

အမေရိကန်သမ္မတ ဒေါ်နယ်လ်ထရမ့်က တစ်တော့အက်ပလီကေးရှင်းကို အမေရိကန်ကုမ္ပဏီတစ်ခုသို့ ရောင်းချရန် သို့မဟုတ် နိုင်ငံအတွင်း၌ သုံးစွဲမှုတားမြစ်ပိတ်ပင်ရန် စဉ်းစားသုံးသပ်လျက်ရှိစဉ် အိမ်ဖြူတော်က တရားဝင်တစ်တော့အကောင့်ကို စတင်ဖွင့်လှစ်အသုံးပြုခဲ့ခြင်းဖြစ်သည်။

အိမ်ဖြူတော်၏ တရားဝင်အကောင့်သည် ဩဂုတ် ၁၉ ရက်မွန်းလွဲပိုင်းတွင် ၎င်း၏ ကနဦးဗီဒီယိုတစ်ခုကို စတင်ပို့စ်တင်ခဲ့သည်။ အဆိုပါဗီဒီယိုတွင် သမ္မတဒေါ်နယ်လ်ထရမ့်က ၎င်း၏ ထောက်ခံအားပေးသူများနှင့် အပြန်အလှန်စကားပြောဆိုနေပုံကို မှတ်တမ်းတင်ရိုက်ကူးထားသည့် ဗီဒီယိုဖိုင်တစ်ခုဖြစ်ပြီး ကြာမြင့်ချိန် ၂၇ စက္ကန့်ရှိကြောင်း သိရသည်။

ပို့စ်တင်ပြီးနောက် နာရီအနည်းငယ်အကြာတွင် အိမ်ဖြူတော်၏ တရားဝင်တစ်တော့အကောင့်မှာ ထောက်ခံအားပေးသူ ၅၇၀၀၀ ကျော်ရရှိခဲ့ကြောင်း သိရသည်။

ပြီးခဲ့သည့် နှစ်အတွင်း သမ္မတဒေါ်နယ်လ်ထရမ့်၏ သမ္မတရွေးကောက်ပွဲအတွက် အသုံးပြုသည့် တစ်တော့အကောင့်တွင် ထောက်ခံအားပေးသူ ၁၅ သန်းကျော်ရှိသည်။

Byte Dance ကုမ္ပဏီပိုင်ဆိုင်သည့် တစ်တော့အက်ပလီကေးရှင်းကို အမေရိကန်နည်းပညာကုမ္ပဏီတစ်ခုသို့ ရောင်းချခြင်းမရှိပါက နိုင်ငံအတွင်း၌ အသုံးပြုခွင့် ရပ်ဆိုင်းမည်ဆိုသည့် အမိန့်တစ်ရပ်ကို ဒေါ်နယ်လ်ထရမ့်က ၎င်း၏ ပထမသက်တမ်းတွင် လက်မှတ်ရေးထိုးခဲ့သည်။ သို့သော် အဆိုပါ အမိန့်သည် အသက်ဝင်ခြင်းမရှိခဲ့ပေ။

ဒုတိယသက်တမ်းအတွင်း တစ်တော့သုံးစွဲခွင့် နောက်ဆုံးသတ်မှတ်ရက်ကို ဇန်နဝါရီ ၂၀ ရက်နှင့် ဧပြီ ၄ ရက်တို့တွင် ၇၅ ရက်စီ သက်တမ်းတိုးမြှင့်ခဲ့သည်။ ဇွန် ၁၉ ရက်တွင် နောက်ထပ်ရက်ပေါင်း ၉၀ ထပ်မံသက်တမ်းတိုးမြှင့်ခဲ့ရာ စက်တင်ဘာ ၁၇ ရက်အထိ နိုင်ငံအတွင်း တစ်တော့သုံးစွဲခွင့်ရရှိမည်ဖြစ်ကြောင်း သိရသည်။

**ကိုးကား-ဆင်ဟွာ**
**ဘာသာပြန်-အောင်ကျော်ကျော်**

# အိန္ဒိယနိုင်ငံ၏ စီးပွားရေးမြို့တော်ဖြစ်သော မွမ်ဘိုင်း၌ မိုးသည်းထန် ရေကြီး၊ လေကြောင်းခရီးစဉ်များ ဖျက်သိမ်း



**ဒေလီ ဩဂုတ် ၂၀**

အိန္ဒိယနိုင်ငံ၏ စီးပွားရေးမြို့တော်ဖြစ်သော မွမ်ဘိုင်း၌ ဩဂုတ် ၂၀ တွင် သည်းထန်စွာ ရွာသွန်းသော မိုးကြောင့် လမ်းများရေလွှမ်းမိုးခဲ့ပြီး လေကြောင်းခရီးစဉ်များနှင့် ရထားခရီးစဉ်များ ဖျက်သိမ်းခဲ့ရသဖြင့် လူသန်းပေါင်းများစွာ၏ နေထိုင်မှုဘဝများ အနှောင့်အယှက်ဖြစ်ခဲ့ရကြောင်း စီအင်န်အိုင်သတင်းဌာနက ဖော်ပြသည်။

မြို့၏နေရာအများအပြားတွင် ခါးအထိမြုပ်သည့် ရေများဝင်ရောက်နေဆဲဖြစ်ပြီး ရေနစ်နေသော လမ်းများတစ်လျှောက်တွင် မြို့ခံများ ရေကူးနေရပုံနှင့် ပိတ်ဆို့နေသော မိလ္လာများမှ အမှိုက်များ ရေနှင့်အတူ လျှံကျနေသည်ကို ဗီဒီယိုများတွင် တွေ့ရသည်။

လွန်ခဲ့သည့် အင်္ဂါနေ့တွင် ရပ်တန့်သွားသော လူများပြွတ်သိပ်နေသည့် မိုနိုရထားစနစ်တွင် ပိတ်မိနေသူ ၆၀၀ နီးပါးကို အာဏာပိုင်များက ကယ်ဆယ်နိုင်ခဲ့သည်။ ထိုသူများအနက် အနည်းဆုံး ၂၃ ဦးကို အသက်ရှူကျပ်မှုအတွက် ဆေးကုသမှုပေးခဲ့ရသည်ဟု မြို့ပြအာဏာပိုင်များက ပြောသည်။

ကျောင်းများနှင့် ကောလိပ်အများစုသည် ပိတ်ထားဆဲဖြစ်ကာ မြို့၏ မြေနိမ့်ပိုင်းဒေသများမှ လူ ၃၅၀ ခန့်ကို ရေဘေးလွတ်ရာသို့ ရွှေ့ပြောင်းပေးခဲ့ပြီး ယာယီစခန်းများသို့ ပို့ဆောင်ထားကြောင်း သိရသည်။

**Mon**

# မြန်မာနိုင်ငံအတွင်းသို့ နယ်စပ်လမ်းကြောင်းများမှတစ်ဆင့် တရားမဝင် ဝင်ရောက်လာသည့် တရုတ်နိုင်ငံသား ၉၄ ဦးအား သက်ဆိုင်ရာနိုင်ငံသို့ ထပ်မံပြည်နှင့်လွှဲပြောင်းပေးအပ်



နေပြည်တော် ဩဂုတ် ၂၀

ထိုင်းနိုင်ငံအပါအဝင် အိမ်နီးချင်းနိုင်ငံအချို့ကို တစ်ဆင့်ခံဖြတ်သန်း၍ မြန်မာနိုင်ငံအတွင်းသို့ နယ်စပ်လမ်းကြောင်းများမှ တရားမဝင် ဝင်ရောက်လာပြီး ကရင်ပြည်နယ် မြဝတီမြို့-ရွှေကုက္ကိုလ်၊ မဲ့ထော်သလေး(KK Park)နှင့် ကျောက်ခတ်နယ်မြေများတွင် အွန်လိုင်းလောင်းကစားမှုများ၊ အွန်လိုင်းလိမ်လည်မှုများ၊ ဒုစရိုက်မှုများကျူးလွန်ခဲ့ကြသည့် တရုတ်နိုင်ငံသား ၉၄ ဦးအား မြန်မာ-ထိုင်း အမှတ်(၂) ချစ်ကြည်ရေးတံတားမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံသို့ လူသားချင်းစာနာထောက်ထားမှုနှင့် နိုင်ငံအချင်းချင်း ချစ်ကြည်ရင်းနှီးမှုတို့ကို ရှေးရှု၍ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ ထပ်မံလွှဲပြောင်းပေးသည်။

ပြည်နှင့်လွှဲပြောင်းပေးမှုလုပ်ငန်းများ စနစ်တကျရှိစေရေးနှင့် အဆင်ပြေချောမွေ့စေရေးအတွက် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ကရင်ပြည်နယ် ဒုတိယညွှန်ကြားရေးမှူး ဦးမြင့်ဘုန်းနှင့် တာဝန်ရှိသူများက ယနေ့နံနက်ပိုင်းတွင် ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များ၏ ပြည်နှင့်လွှဲပြောင်းပေးရေးလုပ်ငန်းစဉ်များ ဆောင်ရွက်နေမှု၊ စာရင်းဇယားအချက်အလက်များ ပြည့်စုံမှန်ကန်မှုရှိရေး ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ဖြည့်စွက်မှာကြားသည်။

ထို့နောက် ပြည်နှင့်လွှဲပြောင်းပေးအပ်ပွဲကို ဆက်လက်ကျင်းပရာ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ကရင်ပြည်နယ် ဒုတိယညွှန်ကြားရေးမှူး ဦးမြင့်ဘုန်းနှင့် တာဝန်ရှိသူများ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ တရုတ်ပြည်သူ့လုံခြုံရေးဝန်ကြီးဌာန ပြစ်မှုဆိုင်ရာ စုံစမ်းစစ်ဆေးရေးဌာန မှုခင်းရဲတပ်ဖွဲ့မှ ဒုတိယညွှန်ကြားရေးမှူးချုပ် Mr. Chen Jian Feng နှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံ တာ့ခ်ခရိုင်လူဝင်မှုကြီးကြပ်ရေးဦးစီးဌာနမှ တာဝန်ရှိသူများတက်ရောက်ကြပြီး မြန်မာနိုင်ငံမှ တာဝန်ရှိသူတို့က သက်ဆိုင်ရာနိုင်ငံမှ တာဝန်ရှိသူထံသို့ ပြည်နှင့်လွှဲပြောင်းလက်ခံရေးဆိုင်ရာ အထောက်အထားစာရွက်စာတမ်းများကို စနစ်တကျ လွှဲပြောင်းပေးအပ်သည်။

၂၀၂၅ ခုနှစ် ဇန်နဝါရီ ၃၀ ရက်မှ ဩဂုတ် ၂၀ ရက်အထိ မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား စုစုပေါင်း ၉၃၃၁ ဦး စစ်ဆေးဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့ကာ ၎င်းတို့အနက်မှ ၉၂၀၅ ဦးအား ထိုင်းနိုင်ငံမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျ ပြည်နှင့်လွှဲပြောင်းပေးခဲ့ပြီး ကျန်ရှိသည့်ပြည်ပနိုင်ငံသား ၁၂၆ ဦးအား သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးရန် အသင့်ဖြစ်နေပြီဖြစ်ကြောင်းနှင့် ၎င်းတို့ကို ကောင်းမွန်စွာ ထိန်းသိမ်းစောင့်ရှောက်ထားရှိသည်။

နိုင်ငံတော်အစိုးရအနေဖြင့် တရားမဝင် အွန်လိုင်းလိမ်လည်မှုလုပ်ငန်းများကို စုံစမ်းဖော်ထုတ်စစ်ဆေး၍ ထိရောက်စွာ အရေးယူဆောင်ရွက်လျက်ရှိပြီး အထူးသဖြင့် မြန်မာနိုင်ငံ၏ နယ်စပ်ဒေသများတွင် ဖြစ်ပေါ်လျက်ရှိသည့် အွန်လိုင်းလောင်းကစားမှုနှင့် ငွေကြေးလိမ်လည်မှုလုပ်ငန်းများကို အမျိုးသားရေးအသွင်ဖြင့် အိမ်နီးချင်းနိုင်ငံများအပါအဝင် နိုင်ငံတကာမှ အဖွဲ့အစည်းများနှင့် ပူးပေါင်း၍ စုံစမ်းဖော်ထုတ်အရေးယူမှုများကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

# တိုင်းရင်းဆေးတက္ကသိုလ်(မန္တလေး)တွင် ဇီဝဆေးပညာဆိုင်ရာ စာရင်းအင်းနည်းပညာ အလုပ်ရုံဆွေးနွေးပွဲ ကျင်းပ

**မန္တလေး ဩဂုတ် ၂၀**

မန္တလေး၊ အောင်မြေသာစံမြို့နယ်၊ တိုင်းရင်းဆေးတက္ကသိုလ်နယ်မြေ၊ တိုင်းရင်းဆေးဝါးထုတ်လုပ်ရေးစက်ရုံ၊ ဓာတုဗေဒခန်းမတွင် ဩဂုတ် ၁၈ ရက် နံနက်ပိုင်းက ဇီဝဆေးပညာဆိုင်ရာ စာရင်းအင်းနည်းပညာအလုပ်ရုံဆွေးနွေးပွဲ ဖွင့်ပွဲကို ကျင်းပသည်။

အလုပ်ရုံဆွေးနွေးပွဲသို့ တိုင်းရင်းဆေးတက္ကသိုလ်၊ ပါမောက္ခချုပ်၊ ပါမောက္ခ ဒေါက်တာသိန်းဇော်လင်း၊ ဆေးတက္ကသိုလ်(မန္တလေး)၊ ပါမောက္ခချုပ်၊ ပါမောက္ခဒေါက်တာမျိုးသက်တင်၊ သူနာပြုတက္ကသိုလ်(မန္တလေး)၊ ပါမောက္ခချုပ်၊ ပါမောက္ခဒေါက်တာခင်ဝင်းစိန်၊ သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်(မန္တလေး)၊ ပါမောက္ခချုပ်၊ ပါမောက္ခ ဒေါက်တာကျော်တင့်၊ တိုင်းရင်းဆေးတက္ကသိုလ်ဒုတိယပါမောက္ခချုပ်၊ ပါမောက္ခဦးဌေးလွင်၊ ဒုတိယပါမောက္ခချုပ်(စီမံ)ဒေါက်တာမြင့်မြင့်သန်း၊ တိုင်းရင်းဆေး(သင်ကြား)တက္ကသိုလ်ဂုဏ်ထူးဆောင် ပါမောက္ခများ၊ ဆေးသုတေသနဦးစီးဌာန(ပြင်ဦးလွင်ဌာနခွဲ) ညွှန်ကြားရေးမှူးဒေါက်တာမိုးကျော်မြင့်၊ ဆေးတက္ကသိုလ်(မန္တလေး)၊ ကာကွယ်ရေးနှင့် လူမှုရေးဆေးပညာဌာနမှ ပါမောက္ခ၊ ဌာနမှူး ပါမောက္ခ ဒေါက်တာလှမိုးနှင့် ဆရာ၊ ဆရာမများ၊ ခုတင်(၁၀၀) ဆံ့သင်ကြားရေး တိုင်းရင်းဆေးရုံ၊ ဆေးရုံအုပ်ကြီး၊ တိုင်းရင်းဆေးဝါးထုတ်လုပ်ရေးစက်ရုံ စက်ရုံမှူး၊ တိုင်းရင်းဆေးတက္ကသိုလ် ပါမောက္ခ၊ ဌာနမှူးများ၊ ကထိက၊ ဌာနမှူးများ၊ သင်တန်းသား၊ သင်တန်းသူ ၃၀ဦးတို့ တက်ရောက်ခဲ့ကြသည်။ အလုပ်ရုံ ဆွေးနွေးပွဲအား အခမ်းအနားအစီအစဉ်များအတိုင်း ကျင်းပခဲ့ပြီး စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကူးခဲ့ကြကြောင်း သိရသည်။




(ဝဲပုံ)

(၀၇၀)

# ထန်းတောင်သူများ ထန်းလျက်ဈေးတက်လာပြီး တစ်ပိဿာလျှင် ငွေကျပ် ၆၀၀၀ ဖြင့် ရောင်းချနေရ



**ညောင်ဦး ဩဂုတ် ၂၀**

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးမြို့နယ်ရှိ ထန်းတောင်သူများ ထန်းလျက်တစ်ပိဿာလျှင် ငွေကျပ် ၆၀၀၀ ဈေးနှုန်းဖြင့် ရောင်းချနေရပြီး ထန်းတောင်သူလုပ်ငန်း ပြန်လည်လုပ်ကိုင်မှု မနှစ်ကထက် ပိုများခဲ့ကြောင်း ညောင်ဦးမြို့နယ်၊ ငါ့သရောက်မြို့ဆင်သားမွေးကျေးရွာ ထန်းတောင်သူ ဦးကျော်စိုးက ပြောသည်။

ညောင်ဦးမြို့နယ်တွင် ထန်းတက်လုပ်ငန်း လုပ်ကိုင်သည့် ထန်းတောင်သူအများအပြား လုပ်ကိုင်ခဲ့ရာမှ လွန်ခဲ့သည့် ဆယ်စုနှစ်အတွင်း ထန်းတက်လုပ်ငန်း လုပ်ကိုင်သူနည်းပါးလာခဲ့ကြောင်း၊ ထန်းလျက်ဈေးနှုန်း ကျဆင်းခြင်းနှင့်အတူ ထန်းတက်လုပ်ငန်း လုပ်ကိုင်သူနည်းပါးခဲ့ခြင်းဖြစ်ကြောင်း၊ ညောင်ဦးမြို့နယ်တွင် ထန်းပင်၊ ထန်းတောအလွန်ပေါများသည့် ဒေသဖြစ်ကာ ကျေးလက်တောင်သူများသည် ထန်းလုပ်ငန်းအား လူတိုင်းလုပ်ကိုင်ခဲ့သည့် အခြေအနေမှ ထန်းတောင်သူလုပ်ငန်းနည်းပါးသွားခဲ့ခြင်းဖြစ်ကြောင်း ထန်းတောင်သူများက ပြောကြားသည်။

ထန်းတောင်သူလုပ်ငန်း လုပ်ကိုင်ရာတွင် ထန်းရာသီမစတင်မီကပင် ထန်းဆွဲမြူအိုး၊ ထန်းဆွဲမြူအိုးကြိုး၊ ရင်းထောင်၊ ရင်းဆွဲ၊ ထန်းလှီးအိမ်၊ ထန်းလှီးဓား၊ ထန်းလျက်ချက်ရန် မိုးပြဒယ်၊ ထန်းလျက်ဖို၊ ထန်းလျက်ချက်ဖိုပြုလုပ်ရန် မြေနီမြေစေး၊ ထန်းလျက်ချက်လောင်စာဖြစ်သည့် ထန်းဖတ်၊ ထန်းလက်နှင့် ပဲစင်းငုံရိုးများအား ကြိုတင်စုဆောင်းထားကြရကြောင်း၊ ထန်းလျက် စတင်ပေါ်ချိန်က တစ်ပိဿာလျှင် ငွေကျပ် ၇၀၀၀ အထိ ရောင်းချခဲ့ရပြီး ထန်းလျက်လှိုင်လှိုင်ပေါ်ချိန် ထန်းလျက်တစ်ပိဿာလျှင် ငွေကျပ် ၅၀၀၀ ရောင်းချရကြောင်း၊ ထန်းလျက်တစ်ပိဿာငွေကျပ် ၅၀၀၀ သည် ထန်းတောင်သူများ မျှော်လင့်နေသည့် ဈေးနှုန်းဖြစ်ပြီး ညောင်ဦးမြို့နယ်၌ ထန်းတောင်သူများသည် ဇူလိုင်မှ စတင်ကာ ထန်းလျက် တစ်ပိဿာလျှင် ငွေကျပ် ၆၀၀၀ ဖြင့် ရောင်းချနေရကြောင်း သိရသည်။

(အပေါ်ပုံ)

(၄၈၁)

# မြန်မာအီလက်ထရောနစ် မဲပေးစက်ဆိုင်ရာအသိပညာပေးခြင်းနှင့် လက်တွေ့စမ်းသပ်မဲပေးခြင်းအခမ်းအနား ကျင်းပ

**မန္တလေး ဩဂုတ် ၂၀**

မန္တလေး၊ မဟာအောင်မြေမြို့နယ်၌ မြန်မာအီလက်ထရောနစ်မဲပေးစက်ဆိုင်ရာ အသိပညာပေးခြင်းနှင့် လက်တွေ့စမ်းသပ်မဲပေးခြင်းအခမ်းအနားကို ယနေ့တွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ အခမ်းအနားတွင် မဟာအောင်မြေမြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမောင်မောင်က အမှာစကားပြောကြားသည်။

ဆက်လက်၍ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲအတွင်းရေးမှူး ဦးရဲမင်းလွင်က မဲဆန္ဒရှင်များအား မြန်မာအီလက်ထရောနစ်မဲပေးစက် (MEVM)ဖြင့် သုံးစွဲပုံအဆင့်ဆင့်များကို ရှင်းလင်းပြောကြားပြီး မဲပေးစက်ဖွဲ့စည်းတည်ဆောက်ပုံ၊ အီလက်ထရောနစ်မဲပေးစက်များတပ်ဆင်ပုံ၊ မဲပေးချိန်နှင့် မဲရေတွက်ချိန်တို့တွင် ထိန်းချုပ်စက်ကိုင်တွယ်အသုံးပြုပုံနည်းစနစ်များကို ရှင်းလင်းပြသရာ တက်ရောက်လာသူများက မြန်မာအီလက်ထရောနစ် မဲပေးစက်ဖြင့် ကိုယ်တိုင်စမ်းသပ် မဲပေးခြင်းများကို လက်တွေ့ဆောင်ရွက်ခဲ့ကြောင်းသိရသည်။ **(အောက်ပုံ)**

(၀၅၆)



## မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင် ၂၀၂၄-၂၀၂၅ ပညာသင်နှစ် ရတနာပုံတက္ကသိုလ် ဘာသာရပ်ပေါင်းစုံ ကာယဗလမောင်နှင့် ကာယအလှမယ်ပြိုင်ပွဲ ဖွင့်ပွဲနှင့် ဆုချီးမြှင့်ခြင်းအခမ်းအနားသို့တက်ရောက်





**မန္တလေး ဩဂုတ် ၂၀**

၂၀၂၄-၂၀၂၅ ပညာသင်နှစ် ရတနာပုံတက္ကသိုလ် ဘာသာရပ်ပေါင်းစုံ ကာယဗလမောင်နှင့် ကာယအလှမယ်ပြိုင်ပွဲ ဖွင့်ပွဲနှင့် ဆုချီးမြှင့်ခြင်းအခမ်းအနားကို ယနေ့နံနက်ပိုင်းက အမရပူရမြို့နယ်ရှိ ရတနာပုံတက္ကသိုလ် အားကစားခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင်နှင့် ဇနီး၊ တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် ၎င်းတို့၏ ဇနီးများ၊ ရတနာပုံတက္ကသိုလ်ပါမောက္ခချုပ်နှင့် ဒုတိယပါမောက္ခချုပ်များ၊ ဘာသာရပ်အသီးသီးမှ ပါမောက္ခများ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့၊ ရတနာပုံတက္ကသိုလ်ပါမောက္ခချုပ်တို့က ဖဲကြိုးဖြတ်၍အခမ်းအနားကို ဖွင့်လှစ်ပြီးနောက် ရတနာပုံတက္ကသိုလ်မှ ကျောင်းသူများက ပညာစုံရတနာပုံသီချင်းဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။

အခမ်းအနား၌ တိုင်းဒေသကြီးဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားရာတွင် အားကစားနှင့် ကျန်းမာရေးသည် တက္ကသိုလ်ပညာရေးတွင် တန်းတူဦးစားပေးဆောင်ရွက်ရမည့် အစိတ်အပိုင်းဖြစ်ပါကြောင်း၊ လူငယ်များသည် နိုင်ငံ၏ အနာဂတ်ကို ဆက်ခံသွားမည့် လူ့စွမ်းအားအရင်းအမြစ်များဖြစ်သည့်အတွက် ကိုယ်ကာယကြံ့ခိုင်၊ စိတ်ဓာတ်ခိုင်မာ၊ ဗဟုသုတကျယ်ပြန့်၍ လူမှုဆက်ဆံရေးသိနားလည်ပြီး ယဉ်ကျေးမှုကျင့်ဝတ်ကို ပိုင်နိုင်သည့်စွမ်းရည်များ တိုးတက်မြင့်မားနေအောင်၊ ဗလငါးတန်နှင့် ပြည့်စုံသူများဖြစ်အောင် အစဉ်တစိုက်ကြိုးစားနေကြရမည်ဖြစ်ပါကြောင်း ပြောကြားခဲ့သည်။

၎င်းနောက် ဘာသာရပ်ပေါင်းစုံမှ ပြိုင်ပွဲဝင် ကာယဗလမောင် ကျောင်းသားများမှ ယှဉ်ပြိုင်တင်ဆက်နေမှုများ၊ ကာယအလှမယ် (အကြီးတန်း/အငယ်တန်း) ကျောင်းသူများမှ ယှဉ်ပြိုင်တင်ဆက်နေမှုများ၊ ကျောင်းသား၊ ကျောင်းသူများမှ တေးသရုပ်ဖော်နှင့် အားကစားကွက်များ သရုပ်ပြတင်ဆက်မှုများကို ကြည့်ရှုအားပေးကြပြီးနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့က အခမ်းအနားဖြစ်မြောက်ရေးတွင် ပါဝင်ဆောင်ရွက်ခဲ့ကြသူများအတွက် ဂုဏ်ပြုငွေများကို ချီးမြှင့်ရာ ပါမောက္ခချုပ်နှင့် တာဝန်ရှိသူများက လက်ခံရယူ၍ ပါမောက္ခချုပ်က ကျေးဇူးတင်စကားပြောကြားခဲ့သည်။

ဆက်လက်၍ ဆုချီးမြှင့်ပွဲအခမ်းအနားကိုကျင်းပရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က ပထမဆုရ ကာယဗလမောင်အား စလွယ်နှင့် ပထမဆု တံဆိပ်တို့ကို ချီးမြှင့်ပြီးနောက် တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများက ဒုတိယဆုနှင့် တတိယဆုရရှိသည့် ကာယဗလမောင်တို့အား ဆုတံဆိပ်များကိုလည်းကောင်း၊ တိုင်းဒေသကြီးဝန်ကြီးချုပ်၏ ဇနီးက ပထမဆုရ ကာယအလှမယ်(အကြီးတန်း)အား စလွယ်၊ သရဖူနှင့် ဆုတံဆိပ် ၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်ဝန်ကြီးများ၏ ဇနီးများက ဒုတိယဆုနှင့် တတိယဆုရရှိသည့် ကာယအလှမယ်(အကြီးတန်း)တို့အား ဆုတံဆိပ်များ၊ တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ်က ပထမဆုရရှိသည့် ကာယ အလှမယ်(အငယ်တန်း)အား စလွယ်၊ သရဖူနှင့် ဆုတံဆိပ်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများ၏ဇနီးများက ဒုတိယဆုနှင့် တတိယဆုရရှိသည့် ကာယအလှမယ်(အငယ်တန်း)တို့အား ဆုတံဆိပ်များကို ချီးမြှင့်ပေးအပ်ခဲ့ပြီးနောက် သင်တန်းနည်းပြများနှင့် ပြိုင်ပွဲဝင်များအတွက် ကူညီထောက်ပံ့ပေးခဲ့သူများအား ရတနာပုံတက္ကသိုလ်မှ ပါမောက္ခချုပ်နှင့်တာဝန်ရှိသူများက ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်)**

၀-၀-၀-၀

၀-၀-၀-၀-၀





## မန္တလေးတက္ကသိုလ် ရာပြည့်အထိမ်းအမှတ် အာစရိယပူဇော်ပွဲ ကျင်းပရေးဆပ်ကော်မတီ(ဒုတိယ)အကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

**မန္တလေး ဩဂုတ် ၂၀**

မန္တလေးတက္ကသိုလ် ရာပြည့်အထိမ်းအမှတ် အာစရိယပူဇော်ပွဲ ကျင်းပရေးဆပ်ကော်မတီ (ဒုတိယ)အကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက်ပိုင်းက URC အစည်းအဝေးခန်းမ၌ ကျင်းပသည်။ **(ယာပုံ)**

အဆိုပါ ညှိနှိုင်းအစည်းအဝေးကို အာစရိယပူဇော်ပွဲဆပ်ကော်မတီအဖွဲ့ဝင်များ၊ မန္တလေးတက္ကသိုလ်မှ တာဝန်ရှိသူများ၊ မြို့မိမြို့ဖများနှင့် ကျောင်းသားဟောင်းများ စုစုပေါင်း ၆၀ ဦး ကျော် တက်ရောက်ဆွေးနွေးကြပြီး မန္တလေးတက္ကသိုလ် ဒုတိယပါမောက္ခချုပ် ဒေါက်တာမေသွယ်အေးက ဥက္ကဋ္ဌအဖြစ် တာဝန်ယူဆောင်ရွက်သည်။ မန္တလေးတက္ကသိုလ်တွင် တာဝန်ထမ်းဆောင်ခဲ့ပြီး ၂၀၂၅ ခုနှစ် အောက်တိုဘာ ၅ ရက်တွင် အသက်(၇၀)ပြည့်မည့် ဘာသာရပ်ပေါင်းစုံမှ ဆရာကြီး၊ ဆရာမကြီးများအား မန္တလေးတက္ကသိုလ်ရာပြည့်အထိမ်းအမှတ်နေ့တွင် အာစရိယပူဇော်ပွဲ ကျင်းပနိုင်စေရန် အစည်းအဝေးသို့ တက်ရောက်လာသူများအား အသီးသီး တာဝန်ခွဲဝေပေးအပ်ခဲ့ကြောင်း သိရသည်။

**အောင်ဇော်မင်း**





## အ・ထ・က(၁)၌ အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ်နှင့် ကျောင်းကျန်းမာရေးသီတင်းပတ် အခမ်းအနား ကျင်းပ

**ကန့်ဘလူ ဩဂုတ် ၂၀**

စစ်ကိုင်းတိုင်းဒေသကြီး၊ ကန့်ဘလူမြို့တွင် ခရိုင်/မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်းပြီး အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ်နှင့် ကျောင်းကျန်းမာရေးသီတင်းပတ်အခမ်းအနားကို ယမန်နေ့ နံနက် ၁၀ နာရီက အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းခန်းမ၌ ကျင်းပသည်။ **(အပေါ်ပုံ)**

အခမ်းအနားတွင် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန ကျန်းမာရေးဆရာမ ဒေါ်ဝင်းဝင်းမြင့်က အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ်နှင့် ကျောင်းကျန်းမာရေးသီတင်းပတ်အခမ်းအနားကျင်းပရခြင်း၏ ရည်ရွယ်ချက်များကိုလည်းကောင်း၊ သားဖွားဆရာမ ဒေါ်ထိုက်ထိုက်နိုင်ရည်က အာဟာရဖွံ့ဖြိုးရေး အစာအုပ်စုသုံးအုပ်စုနှင့် စနစ်တကျသွားတိုက်နည်းစနစ်များကိုလည်းကောင်း၊ ငှက်ဖျားတိုက်ဖျက်ရေးဌာန ဆရာဦးစံဝင်းက ခြင်ကြောင့် ဖြစ်ပွားတတ်သော ရောဂါများအကြောင်းတို့ကိုလည်းကောင်း အသိပညာပေးဟောပြောကြသည်။ ထို့နောက် ခရိုင်/မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဝင်များက သွေးလွန်တုပ်ကွေးရောဂါကာကွယ်ရေး အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးကြသည်။

ထို့နောက် KG ကျောင်းသား၊ ကျောင်းသူများကို ကိုယ်အလေးချိန်ခြင်း၊ အရပ်တိုင်းတာခြင်း၊ သွားနှင့် ခံတွင်းသန့်ရှင်းရေးနှင့် လိုအပ်သည့်ကျန်းမာရေးစစ်ဆေးခြင်းများ၊ KG တန်းမှ G-12 ကျောင်းသား၊ ကျောင်းသူများကို သန်ချဆေးတိုက်ကျွေးခြင်း၊ အရွယ်ရောက်နေသော ကျောင်းသူများကို သံဓာတ်အားဆေးများ တိုက်ကျွေးခြင်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**အောင်ဝင်းငြိမ်း(ကန့်ဘလူ)**

## တစ်ပိုင်တစ်နိုင် ခဝဲသီးနှံစိုက်ပျိုးခြင်းဖြင့် မိသားစုအပိုဝင်ငွေရရှိ

**ကျွန်းလှ ဩဂုတ် ၂၀**

စစ်ကိုင်းတိုင်းဒေသကြီး၊ ကျွန်းလှမြို့နယ်၌ ဟင်းသီးဟင်းရွက်သီးနှံမျိုးစုံကို ချောင်းရေ၊ မြောင်းရေနှင့် မြေအောက်ရေတင်ပြီး ရာသီအလိုက် စိုက်ပျိုးကြရာ ယခုနှစ် မိုးရာသီတစ်ပိုင်တစ်နိုင် ခဝဲသီးနှံစိုက်ပျိုးခြင်းဖြင့် မိသားစုအပိုဝင်ငွေရရှိနေကြောင်း ဒေသခံတောင်သူများထံမှ သိရသည်။

"ကျွန်တော် ဒီနှစ် မိုးရာသီမှာ ခဝဲအပင် ၅၀၀ စိုက်ပျိုးပြီး မျိုးဖိုး၊ မြေဩဇာဖိုးနဲ့ လုပ်အားခအပါအဝင် ငွေကျပ် ၇၀၀၀၀ ခန့်ကုန်ကျပါတယ်။ ယခုအခါ ခဝဲသီးများ ဆွတ်ခူးရောင်းချနေရပြီးဖြစ်ပါတယ်။ အရင်နှစ်က ခဝဲသီး တစ်ပိဿာ ငွေကျပ် ၁၂၀၀ ရောင်းရသော်လည်း ယခုလက်ရှိမှာ ငွေကျပ် ၂၀၀၀ ရောင်းရပါတယ်။ ခဝဲစိုက်ပျိုးရာမှာ ကုန်ကျစရိတ်သက်သာပြီး တောင်သူတွက်ခြေကိုက် သီးနှံဖြစ်ပါတယ်" ဟု မန်ကျည်းအင်းကျေးရွာ ခဝဲစိုက်တောင်သူတစ်ဦးက ပြောသည်။

ကျွန်းလှမြို့နယ်တွင် ယခုနှစ် မိုးရာသီ၌ ဟင်းသီးဟင်းရွက်သီးနှံမျိုးစုံ ၅၁၇ ဧကစိုက်ပျိုးနိုင်ပြီး မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သဘာဝမြေဩဇာ၊ သဘာဝပိုးအားဆေး၊ သဘာဝပိုးသတ်ဆေး၊ ပိုးနှင်ဆေးများ ပြုလုပ်သုံးစွဲရေးနှင့် စိုက်ပျိုးရေးဆိုင်ရာ နည်းလမ်းများ အသိပညာပေးလျက်ရှိကြောင်း သိရသည်။

(၄၈၀)

*-*-*-*



## မြန်မာအီလက်ထရောနစ်မဲပေးစက် (MEVM) ကိုင်တွယ်အသုံးပြုခြင်းဆိုင်ရာ လက်တွေ့သရုပ်ပြသခြင်း ဆောင်ရွက်

**တောင်တွင်းကြီး ဩဂုတ် ၂၀**

မကွေးတိုင်းဒေသကြီး၊ တောင်တွင်းကြီးမြို့နယ်အတွင်းရှိ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဝန်ထမ်းများအား မြန်မာအီလက်ထရောနစ်မဲပေးစက် (MEVM) ကိုင်တွယ်အသုံးပြုခြင်းဆိုင်ရာ လက်တွေ့သရုပ်ပြ စမ်းသပ်မဲပေးခြင်းကို ယမန်နေ့ မွန်းလွဲ ၂ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး၌ ပြုလုပ်ခဲ့သည်။ **(အပေါ်ပုံ)**

ရှေးဦးစွာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်ဇင်ဦးက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့(ခွဲ)ဦးစီးအရာရှိ ဦးပြည့်မောင်က မဲပေးစက်များ စစ်ဆေးခြင်းအကြောင်းအရာများကို power point ဖြင့် ရှင်းလင်းတင်ပြခဲ့ပြီး တက်ရောက်လာသည့် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဝန်ထမ်းများက လက်တွေ့မဲပေးစမ်းသပ်ခြင်းများ ဆောင်ရွက်ခဲ့သည်။ **နောင်နောင်(ဗိဿနိုးမြေ)**

## အာဟာရအချက်အပြုတ်ပြိုင်ပွဲနှင့် မိခင်နို့တိုက်ကျွေးမှု စံပြမိခင်ပြိုင်ပွဲ ကျင်းပ

**တောင်ကြီး ဩဂုတ် ၂၀**

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ တောင်ကြီးမြို့ အမှတ်(၅)အခြေခံပညာအထက်တန်းကျောင်း၊ စိန်မြင်းမိုရ်ခန်းမ၌ ယမန်နေ့ နံနက် ၉ နာရီခွဲက ပြည်နယ်အဆင့် အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်နှင့် ကျောင်းကျန်းမာရေးသီတင်းပတ်အထိမ်းအမှတ် အခြေခံပညာကျောင်းပေါင်းစုံ အာဟာရအချက်အပြုတ်ပြိုင်ပွဲကျင်းပသည်။

ပြိုင်ပွဲမစတင်မီ ဒိုင်အဖွဲ့က ပြိုင်ပွဲစည်းကမ်းများအား ပြောကြားပြီး အခြေခံပညာအထက်တန်းကျောင်း၊ အမှတ်(၁)(၂)၊ (၃)၊ (၄)၊ (၅)ကျောင်းများမှ Grade-11ကျောင်းသား၊ကျောင်းသူများက အာဟာရမျှတစေရန် အစာအုပ်စုသုံးမျိုးဖြင့် ချက်ပြုတ်ယှဉ်ပြိုင်နေမှုအား ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်၊ ပြည်နယ်သယံဇာတရေးရာဝန်ကြီး ဦးစိုင်းလိတ်၊ ပြည်နယ်ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူး၊ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ဒေါက်တာဝင်းနိုင်၊ ပြည်နယ်မိခင်နှင့် ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ၊ ဒေါ်စိုးပပနှင့်အဖွဲ့ဝင်များနှင့် တာဝန်ရှိသူများက တက်ရောက်ကြည့်ရှုအားပေးခဲ့သည်။ **(အောက်ပုံ)**

ဆက်လက်၍ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူးရုံး၊ အစည်းအဝေးခန်းမ၌ "ကလေးငယ်များ အနာဂတ်လှပဖို့၊ မိခင်နို့ချိုတိုက်ကျွေးလို့ ရင်းနှီးမြှုပ်နှံကြပါစို့" ဆောင်ပုဒ်နှင့်အညီ ပြုလုပ်သည့် အာဟာရဖွံ့ဖြိုးမှု ရက်သတ္တပတ်လှုပ်ရှားမှု မိခင်နို့တိုက်ကျွေးမှု စံပြမိခင်ပြိုင်ပွဲတွင် စံပြမိခင်များ ဝင်ရောက်ယှဉ်ပြိုင်နေမှုအား ပြည်နယ်ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူး၊ ပြည်နယ်မိခင်နှင့် ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက ကြည့်ရှုအားပေးပြီး တက်ရောက်လာသည့် မိခင်များအား ခေါက်ဆွဲစည်းနှင့် အိုင်အိုဒင်းဆားတို့ကို ဝေငှပေးခဲ့ကြောင်း သိရသည်။

(၃၆၈)

*-*-*-*



## မြို့နယ်သစ်တောဦးစီးဌာနနှင့် ရှမ်းစာပေယဉ်ကျေးမှုအသင်းတို့ပူးပေါင်း၍ သစ်ပင်စိုက်ပျိုးပွဲ ကျင်းပ

**မိုးနဲ ဩဂုတ် ၂၀**

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ မိုးနဲမြို့နယ်သစ်တောဦးစီးဌာနနှင့် ရှမ်းစာပေယဉ်ကျေးမှုအသင်းတို့ ပူးပေါင်း၍ စုပေါင်းသစ်ပင် စိုက်ပျိုးပွဲကို နားခံကျေးရွာ ရှမ်းရိုးရာယဉ်ကျေးမှုပွဲတော်ကွင်း၌ ယမန်နေ့ နံနက် ၇ နာရီက ကျင်းပသည်။

အဆိုပါ စုပေါင်းသစ်ပင် စိုက်ပျိုးပွဲသို့ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဝင်းမြင့်နှင့်အဖွဲ့ဝင်များ၊ ရှမ်းစာပေနှင့် ယဉ်ကျေးမှုအသင်းဥက္ကဋ္ဌ ဦးမင်းမင်းအောင်နှင့်အဖွဲ့ဝင်များ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှဝန်ထမ်းများ၊ မြို့နယ်သစ်တောဦးစီးဌာနဦးစီးမှူး ဦးကျော်အောင်အောင်နှင့် တာဝန်ရှိသူများ၊ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် ကျေးရွာနေပြည်သူများ အင်အား ၁၀၀ ဦးကျော် တက်ရောက်ခဲ့ကြပြီး ရှမ်းရိုးရာယဉ်ကျေးမှုပွဲတော်ကွင်း အတွင်း၊ အပြင်၌ ချယ်ရီ ၆၀၊ စိန်ပန်းနီ ၁၀၀နှင့် ငုစပ်ပင် ၉၀ စုစုပေါင်း ပျိုးပင် ၂၅၀ ကို တပျော်တပါး စုပေါင်းစိုက်ပျိုးခဲ့ကြောင်း သိရသည်။

**မျိုးညွန့်ရွှေ(မိုးနဲ)**

*-*-*-*

## အိုင်းမရေလွှဲဆည်နှင့် မဲဇလီရေလွှဲဆည်မှ ဆည်ရေဖြင့် မိုးစပါးစိုက်ပျိုးရေများ ဖြန့်ဝေပေးလျက်ရှိ

**မင်းဘူး ဩဂုတ် ၂၀**

မကွေးတိုင်းဒေသကြီး၊ မင်းဘူးခရိုင်၊မင်းဘူး(စကု)မြို့နယ်၌ ယခုနှစ် မိုးစပါးစိုက်ပျိုးရာသီတွင် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန (ဆည်မြောင်း)အောက်ရှိ အိုင်းမရေလွှဲဆည်နှင့် ပွင့်ဖြူမြို့နယ်ရှိ မဲဇလီရေလွှဲဆည်မှ ဆည်ရေတို့ဖြင့် ဒေသခံတောင်သူများ၏ မိုးစပါးဧကပေါင်း ၃၄၀၀၀ ကျော်အတွက် စိုက်ပျိုးရေများ ဖြန့်ဝေပေးလျက်ရှိသည်။ **(အောက်ပုံ)**

ထိုသို့ စိုက်ပျိုးရေများဖြန့်ဝေရာတွင် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန(ဆည်မြောင်း)မှ ခရိုင်နှင့် မြို့နယ်တာဝန်ခံအရာရှိများက အနီးကပ်ကြီးကြပ်၍ အိုင်းမရေလွှဲဆည် ဧရိယာတွင် မိုးစပါး ၂၉၆၂၅ ဧကနှင့် မဲဇလီရေလွှဲဆည်ဧရိယာတွင် မိုးစပါး ၄၄၀၁ ဧက လျာထားစိုက်ပျိုးလျက်ရှိပြီး ဒေသခံတောင်သူများအတွက် စိုက်ပျိုးရေများကို ဇွန် ၁၅ ရက်မှစတင် ဖြန့်ဝေပေးလျက်ရှိသည်။ အဆိုပါဆည်ရေသောက် ဧရိယာများတွင် ဒေသခံတောင်သူများက ဆင်းသုခ၊ မနောသုခ၊ ဧရာမင်း၊ ရတနာတိုး၊ GW-11၊ ဆာဖိုးသာ နှင့် YSR-1 စသည့် စပါးမျိုးများကို စိုက်ပျိုးထားကြောင်း၊ ယခုနှစ် မိုးစပါးစိုက်ပျိုးချိန် လျာထားဧက ပြည့်မီကျော်လွန်စွာ စိုက်ပျိုးနိုင်စေရေး သက်ဆိုင်ရာဌာနများ၊ ဒေသခံတောင်သူများနှင့်အတူ ပူးပေါင်းကာ နယ်မြေကွင်းဆင်းပြီး အားထုတ်ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း အဆိုပါဦးစီးဌာနမှ မြို့နယ်တာဝန်ခံ အရာရှိ ဦးမျိုးဇင်သက်က ပြောသည်။

မင်းဘူး(စကု)မြို့နယ်၌ ၂၀၂၅-၂၀၂၆ ခုနှစ် စိုက်ပျိုးရာသီတွင် အိုင်းမရေလွှဲဆည်နှင့် မဲဇလီရေလွှဲဆည်ဧရိယာနှစ်ခုအတွင်း ယခုနှစ် မိုးစပါးကို ဧကပေါင်း ၃၄၀၂၆ အထိ စိုက်ပျိုးရန် လျာထား ဆောင်ရွက်လျက်ရှိကြောင်း၊ ယနေ့အထိ အိုင်းမရေလွှဲဆည်ဧရိယာတွင် မိုးစပါး ၂၂၈၀၃ ဧကနှင့် မဲဇလီရေလွှဲဆည်ဧရိယာတွင် မိုးစပါး ၃၀၄၇ ဧက စုစုပေါင်း မိုးစပါး ၃၂၀၃၇ ဧက စိုက်ပျိုးပြီးဖြစ်ကာ အဆိုပါ စပါးစိုက်တောင်သူများအတွက် မိုးစပါးစိုက်ပျိုးချိန်ကာလအတွင်း စိုက်ပျိုးရေများကို လုံလောက်စွာ ဖြန့်ဝေပေးသွားမည်ဖြစ်ကြောင်း သိရသည်။

(၅၀၀)

*-*-*-*-*-*-*

*-*-*-*



# ကျန်းမာရေးအတွက် ဆေးနည်းများ

အောင်မျိုးမြတ်(မန္တလေး)

Tik Tok မှာတွေ့တဲ့ ဆေးနည်းလေးတွေကို ထပ်မံဖော်ပြလိုက်ပါတယ်။ စာဖတ်သူများ ဒီဆေးနည်းလေးတွေကိုတွေ့ပြီး အနာနှင့်ဆေးတွေ့ကာ ပျောက်ကင်းကြပါစေလို့ စေတနာ၊ မေတ္တာရှေ့ထားပြီး တစ်ဆင့်မျှဝေပေးလိုက်ပါတယ်။



## ကြိတ်မှန်

အပင်တစ်ပင်လုံး(ပဉ္စငါးပါး)ပြုတ်ရည်ကို အားတိုးဆေးအဖြစ်လည်းကောင်း၊ အသည်းရောင်ရောဂါနှင့် အရေပြားရောဂါကုဆေးအဖြစ်လည်းကောင်း အသုံးပြုလေ့ရှိပါတယ်။

အမြစ်ပါမကျန် အပင်တစ်ပင်လုံးကို ကြိတ်၍ ရရှိလာသော သတ္တုရည် နှစ်စက်ခန့်ကို ပျားရည်နှင့်ရော၍ မွေးကင်းစကလေးများကို တိုက်ကျွေးပေးခြင်းဖြင့် နှာစေး၊ ချောင်းဆိုးရောဂါတို့ကို ပျောက်ကင်းစေပါတယ်။

ဆံပင်ကျန်းမာရေးအတွက် ကြိတ်မှန်ပင်ကို အောက်ပါနည်းလမ်းအသွယ်သွယ်တို့ဖြင့် အသုံးပြုနိုင်ပါတယ်။

ဆံပင်ပေါက်မှုကိုအားပေးသည့်အပြင် ဆံပင်ကို နက်မှောင်သန်စွမ်းစေပါတယ်။ အပင်တစ်ပင်လုံးကို ကြိတ်ချေ၍ ရလာသော သတ္တုရည်ကို ဆံပင်နက်ဆိုးဆေးအဖြစ် အသုံးပြုနိုင်ပါတယ်။ ၎င်းအရည်နှင့် ဦးရေပြားကို နှိပ်နယ်ပေးခြင်းဖြင့်လည်း ဆံပင်ကို သန်စွမ်းစေပါတယ်။

ကွမ်းရွက်၊ ကြိတ်မှန်ရွက်၊ မြင်းခွာရွက်၊ ထောလပတ်ရွက်၊ လက်ဖက်ပုပ်နှင့် ဆီးဖြူသီးစတဲ့ ခြောက်မျိုးကို အလေးချိန်ပမာဏ ဆတူရောထောင်း၍ ကြိတ်ချေပါ။ ရလာသည့် ၎င်းခြောက်မျိုး၏အရည်ကို အုန်းဆီစစ်စစ်နှင့် ဆတူရောစပ်၍ အညိုရောင်ဖန်ပုလင်းသန့်သန့်ထဲတွင် ထည့်သိမ်းပြီး နေ့စဉ်လိမ်းပေးလျှင် ဆံပင်သားများ နက်မှောင်တောက်ပြောင်လာပါမည်။

၎င်းဆံပင်နက်လိမ်းဆေးဆီလိမ်းပြီး တရော်ကင်ပွန်းသီးတို့ဖြင့် ခေါင်းလျှော်ပေးပါ။ ခေါင်းမလျှော်မီ တစ်ရက်ကြို၍ ညဘက်မှာ ဆံပင်နက်အုန်းဆီကို များများလိမ်း၍အိပ်ပြီး နံနက်တွင် ခေါင်းလျှော်ပါ။

၎င်းဆံပင်နက်အုန်းဆီကို လိမ်းပေးခြင်းဖြင့် အရွယ်မတိုင်မီ ဆံပင်ဖြူသူရော၊ ဇရာကြောင့် ဆံပင်ဖြူသူများအတွက်ပါ ဆံသားနှင့်ဦးရေတို့ကို ကျန်းမာစေပြီး ဆံပင်တွေ နက်မှောင်လာစေနိုင်ပါတယ်။

ကြိတ်မှန်ရွက်နှင့် နှမ်းနက်တို့ကို ဆတူရောကာ အမှုန့်ပြုလုပ်ပြီး နွားနို့နှင့်အမြဲမှီဝဲသောက်သုံးပေးပါက အနာရောဂါများကင်းစင်၍ အသက်ရှည်ကာ ဆံပင်များ နက်မှောင်လာစေနိုင်ပါတယ်။

ကြိတ်မှန်ရွက်၊ မန်ကျည်းသီး၊ ဆီးဖြူသီးတို့ကိုရောပြီး ညက်စွာကြိတ်၍ မှီဝဲစားသုံးခြင်းဖြင့် ဆံပင်ကျွတ်ခြင်းနှင့် ထိပ်ပြောင်ခြင်းတို့ သက်သာစေပြီး ဆံပင်ပြန်ပေါက်လာပါလိမ့်မယ်။

အရွက်ကို ချောင်းဆိုး၊ ခေါင်းကိုက်ရောဂါ၊ အဆစ်ရောင်ရောဂါ၊ ထိပ်ပြောင်မွေးကျွတ်ရောဂါ၊ အကြိတ်နာ၊ မီးယပ်ထိန်ခြင်းနှင့် ကာလသားရောဂါများအတွက် အသုံးပြုနိုင်သလို ချေးပေါက်ဖွင့်ဆေး၊ အနာအုံဆေးနှင့် ဖန်ဆေးအဖြစ်လည်း အသုံးပြုနိုင်ပါတယ်။

ကြိတ်မှန်ရွက် လတ်လတ်ဆတ်ဆတ်ကို နေရိပ်ထဲမှာ အခြောက်လှန်း၍ အမှုန့်ထောင်းပါ။ ထိုအမှုန့်နှင့် နွားနို့ကို တစ်လတိတိသောက်ပေးခြင်းဖြင့် ယိုင်နဲ့နေသော သွားများလည်း ခိုင်မာလာစေပါတယ်။ တစ်နှစ်သောက်ပါက မျက်စိကန်းနေသူများလည်း အမြင်သန်နိုင်ပါတယ်။ ဆွံ့အသူများပင် စကားပြောနိုင်ပါလိမ့်မယ်။ နားပင်းသူများ အသံကြားလာပါလိမ့်မယ်။

ကြိတ်မှန်ပင် တစ်ပင်လုံးကို ညက်အောင်ကြိတ်ချေပြီး နှမ်းနက်၏ အဆီ(နှမ်းနက်ဆီ)ဖြင့် ချက်ကာ ကိုယ်ရေပြားရောဂါ အနူစွဲခြင်းများကို လိမ်းပေးပါက ပျောက်ကင်းစေပါတယ်။

ကြိတ်မှန်ရွက် သတ္တုရည်နှင့် ပင်စိမ်းရွက်သတ္တုရည်တို့ကို ဆတူရော၍ တစ်နေ့လျှင် နှစ်ကြိမ်ခန့် မီးလောင်နာပေါ်တွင် လိမ်းပေးခြင်းဖြင့် အပူလောင်ခြင်းကို လုံးဝပျောက်ကင်းစေရုံသာမက အမာရွတ်လုံးဝ မကျန်တော့ပါ။

ကြိတ်မှန်ရွက်နှင့် ခွေးသေးပန်းရွက်တို့ကို ရိုန်းခိုအနည်းငယ်ထည့်ကြိတ်၍ ရလာသော ထိုဆေးရည်အနှစ်တို့ကို ကလေးနှာပိတ်ခြင်းအတွက် ငယ်ထိပ်မှ နှာခေါင်းအထိ ဆွဲချပေးပါ။ ကျောပူ၊ ခေါင်းပူ၊ ခွဲထခြင်းအတွက် ငယ်ထိပ်ပေါ်တွင် ပါးပါးလိမ်းပေးပါ။ ကလေးအသှော်မိ၊ သန်ထ၊ သန်ဝမ်းသွား၊ ကျောက်ဝက်သက်၊ ရေကျောက်ရောဂါများအတွက် မိခင်နို့ရည်ဖြင့် ဖျော်ပြီးတိုက်ပေးပါ။

မီးယပ်သွေးငုပ်ခြင်းအတွက် အရွက်ကို ထန်းလျက်အနက်ရောင်ဖြင့် သုံးခွက်တစ်ခွက်တင်ကျို၍ သောက်ပေးခြင်းဖြင့် ရာသီသွေးပေါ်စေပါတယ်။ သားဖွားပြီးနောက် သားအိမ်ကိုက်ခဲခြင်းကိုလည်း ပျောက်ကင်းစေပါတယ်။

နို့တိုက်မိခင်များ နို့ရည်ခန်းခြင်းအတွက် ကြိတ်မှန်ရွက်ကို ဟင်းခါးချက်၍ သောက်ပေးပါ။

အရေပြားပေါ်တွင် ရေယုန်ကြီးနာဖြစ်ပါက ကြိတ်မှန်ပင်၏ အမြစ်နှင့် နနွင်းမှုန့်တို့ကို ရေဖြင့်သွေး၍ နေ့စဉ်လိမ်းပေးလျှင် ပျောက်ကင်းပါတယ်။

ကြိတ်မှန်ရွက်၊ နှမ်းနက်နှင့် ဆီးဖြူသီးခြောက်ကို အလေးချိန်တူယူပြီး သကြားအလေးချိန်သုံးဆကို ထည့်ရော၍ အမှုန့်ပြုလုပ်ကာ နေ့စဉ် မှီဝဲစားသုံးလျှင် သက်ရှည်ကျန်းမာပါလိမ့်မယ်။

ကြိတ်မှန်ပင် အမြစ်နှင့် နနွင်းကို အရွယ်အစားအညီအမျှ အမှုန့်ထောင်းပြီး လိမ်းပေးပါက လိပ်ခေါင်းရောဂါပျောက်ကင်းစေပါတယ်။



## မီးကွင်းဂမုန်း

မီးကွင်းဂမုန်း ကိုးရွက်ခန့်ကို သံပရာသီးတစ်ခြမ်း၊ ဆားအနည်းငယ်ကို အိုးတစ်လုံးထဲတွင် ရေမတ်ခွက်တစ်ခွက်ထည့်၍ သုံးခွက်တစ်ခွက်တင်ကျန်အောင်ပြုလုပ်၍ တစ်နေ့တစ်ခွက် ခုနစ်ရက်(သို့မဟုတ်)၁၀ရက်ခန့်သောက်လျှင် ဆီးချိုရောဂါပျောက်ကင်းပါတယ်။

နှာခေါင်းသွေးလျှံပါက မီးကွင်းဂမုန်းကို ရေစင်အောင်ဆေးပြီးထောင်း၍ ၎င်းအဖတ်ကို နှာခေါင်းပေါ်အုံပေးပါ။

မီးကွင်းဂမုန်းကို ရေနှင့်သုံးခွက်တစ်ခွက်တင်ကျို၍ သကြားအနည်းငယ်နှင့်သောက်ပါက ဆီးရောဂါအမျိုးမျိုးကို သက်သာပျောက်ကင်းစေပါတယ်။

မီးကွင်းဂမုန်းအရွက်သန့်သန့်ကို အရည်ညှစ်ယူ၍ ကိုက်နေသော နားကိုခတ်ပေးပါက နားကိုက်၊ နားပြည်ယိုရောဂါများ ပျောက်ကင်းပါတယ်။

မီးကွင်းဂမုန်း သတ္တုရည်ကိုသောက်ပေးပါက ဝမ်းကိုက်၊ ဝမ်းဖော၊ ဝမ်းယောင်ရောဂါများကို သက်သာပျောက်ကင်းစေပါတယ်။

မီးကွင်းဂမုန်းအရွက်ကို ထောင်း၍ အရည်ညှစ်ယူပြီး သကြားနှင့်ရောသောက်ပေးလျှင် ချောင်းဆိုး၊ သလိပ်ကပ်ခြင်းများ ပျောက်ကင်းစေပါတယ်။

မီးကွင်းဂမုန်း၏ ပင်စည်နှင့်အရွက်တို့ကို ရေစင်အောင်ဆေးကာ ကြိတ်ပြီး အရည်ညှစ်ယူ၍ ငါးမိနစ်ခန့်ကျိုပြီး ခဏအအေးခံကာ ထမင်းစားဇွန်းတစ်ဇွန်း နံနက်၊ ညသောက်ပေးလျှင် သွေးကင်ဆာပျောက်ကင်းစေပါတယ်။ (တစ်လခန့်သောက်ရပါမည်။)



## ရှမ်းနံနံ

ရှမ်းနံနံသည် ရနံ့မွှေးတယ်။ အစိမ်းလိုက်စားလို့ရတယ်။ အိမ်မင်းရင့်ရော်မှုကို နှေးကွေးစေတယ်။ နာတာရှည်ရောဂါတွေကို ကာကွယ်ပေးတယ်။ အစာခြေစနစ်ကို ကူညီပေးပြီး အစာချေဖျက်ရာမှာ ထုတ်လွှတ်တဲ့ အင်ဇိုင်းတွေကို လှုံ့ဆော်ပေးတယ်။ အာရုံကြောစနစ်ကို အားဖြည့်ပေးပြီး စိတ်ကိုပြေလျော့စေကာ စိတ်ဖိစီးမှုတွေကို လျှော့ချပေးတယ်။ သွေးပေါင်ချိန်ကို ကျစေပြီး နှလုံးရောဂါကိုလည်း ကာကွယ်ပေးပါတယ်။

ရှမ်းနံနံပင်အမြစ်မှာ ဆေးဖက်ဝင်အာနိသင်များစွာပါဝင်ပါတယ်။ အထူးသဖြင့် ဆီးသွားစေတဲ့ အစွမ်းသတ္တိများရှိပြီး ဆီးရှင်စေကာ ကိုယ်ခန္ဓာဖောရောင်ခြင်းကို ကုသရာတွင် အလွန်ထိရောက်ပါတယ်။ ထို့အပြင် ဆီးလမ်းကြောင်းပိုးဝင်ခြင်း၊ ကျောက်ကပ်ကျောက်တည်ခြင်း၊ ဆီးအိတ်ရောင်ခြင်းနှင့် ဂနိုရောဂါတို့ကို ကုသရာတွင်လည်း အသုံးပြုနိုင်ပါတယ်။ ရှမ်းနံနံပင် အမြစ်သည် အရွက်ထက် ဆီးရှင်စေတဲ့ အစွမ်းသတ္တိ ပိုမိုပြင်းထန်ပြီး အများအားဖြင့် ပြုတ်ပြီး(သို့မဟုတ်)လက်ဖက်ရည်အဖြစ် ဖျော်သောက်လေ့ရှိပါတယ်။

ရှမ်းနံနံပင် အမြစ်ကို ရေနဲ့ပြုတ်ပြီး ရလာသည့်အရည်ကို သောက်ပေးပါ။

ရှမ်းနံနံပင်၏ အမြစ်ကို အမှုန့်ကြိတ်ပြီး လက်ဖက်ရည်အဖြစ် ဖျော်သောက်ပေးပါ။

ကိုက်ခဲနေသည့်နေရာ(သို့မဟုတ်)အင်းဆက်ပိုးမွှားအကိုက်ခံရပါက ရှမ်းနံနံပင်ကို ထုထောင်းပြီး အုံပေးပါက ပျောက်ကင်းစေပါတယ်။



## ကြောင်ဆေးပင်(ကြောင်ရိုသေပင်)

ကြောင်ဆေးပင်(ကြောင်ရိုသေပင်)သည် အဆုတ်နှင့် ပတ်သက်သောရောဂါ၊ အဆုတ်အအေးပက်သော အဖျား၊ ပန်းနာ၊ လေပြွန်ချောင်းပူခြင်း စသည်တို့ကို သက်သာစေသည်။

ကြောင်ဆေးပင်၏ အရွက်အရည်ကို ကလေးသူငယ်နာ ချွဲကျပ်ရောဂါအတွက် တမာရွက်ရည်နှင့် ရောစပ်၍တိုက်ပေးပါက ဝမ်းသွားခြင်း၊ အော့အန်ခြင်းကို သက်သာစေစေပြီး ချွဲကျစေပါတယ်။

အရွက်ပြုတ်ရည်ကို အန်ဆေးအဖြစ် တိုက်ပေးခြင်းဖြင့် အဆုတ်ရောင်ခြင်းကို ပျောက်ကင်းစေပါတယ်။

အရွက်ခြောက်ပြုတ်ရေကို တိုက်ပေးလျှင် အသက်ရှူလမ်းကြောင်းတစ်လျှောက်၌ရှိသော အညစ်အကြေးပိတ်ဆို့ခြင်းကို ရှင်းလင်းစေပြီး အသက်ရှူပြွန်တံရောင်ခြင်းကို သက်သာစေပါတယ်။ ပန်းနာရောဂါ၊ မီးယပ်ကွက်ပေါ်သောရောဂါ၊ သွေးတိုးရောဂါတို့ကိုလည်း ပျောက်ကင်းစေပါတယ်။

အရွက်ကို ကြိတ်၍ အနာပေါ်၌ အုံပေးပါက အနာများ ပျောက်ကင်းစေပါတယ်။

အရွက်အရည်သည် ဝဲခြောက်၊ ပွေး၊ ယားနာစသော အရေပြားရောဂါတို့ကို ပျောက်ကင်းစေပါတယ်။ တမာဆီနှင့် ရောလိမ်းပေးပါက ယားနာအမျိုးမျိုးကို ပျောက်ကင်းစေပါတယ်။

အရွက်အရည်ကို ကြက်ဆူဆီနှင့် ရော၍ အဆစ်အမြစ်ကိုက်သည့်နေရာတွင် လိမ်းပေးပါက ပျောက်ကင်းစေပါတယ်။

အရွက်အရည်ကို နားထဲထည့်ပေးသော် နားပြည်ယိုခြင်း၊ နားကိုက်ခြင်း၊ နားလေထွက်ခြင်း၊ နားအူခြင်းတို့ကို ပျောက်ကင်းစေပါတယ်။

အရွက်ကို ငါးမြွေထိုးခြောက်နှင့် ကြော်စားပါက ဝမ်းထဲတွင် အူအတက်ရောင်စေသော ရောဂါကို ကာကွယ်ပေးပါတယ်။ ဦးနှောက်ရောဂါနှင့် ဝမ်းမကောင်းခြင်း၊ ဝမ်းပျက်ခြင်း၊ ဝမ်းထဲ၌ ရစ်၍နာခြင်းများကိုလည်း ပျောက်ကင်းစေပါတယ်။

အရွက်ကို ပြုတ်၍သုပ်စားပါက အဆုတ်ရောဂါ၊ ဦးနှောက်ရောဂါ၊ နားအူ၊ နားကိုက်၊ ဗိုက်အောင့်၊ ဗိုက်နာရောဂါများကို ပျောက်ကင်းစေပါတယ်။

အရွက်ကို ချက်စားပါက ပန်းနာရောဂါ၊ မီးယပ်ကွက်ပေါ်သောရောဂါ၊ သူငယ်နာရောဂါ၊ သွေးတိုးရောဂါများကို ပျောက်ကင်းစေပါတယ်။

အရွက်ကို ပုစွန်ထုပ်နှင့် ကြော်စားပါက နှမ်းလျှပင်ပန်းခြင်းကို ပျောက်ကင်းစေပါတယ်။

**"အာရောဂျံ ပရမံ လာဘံ"**

**ကိုးကား - Tik Tok**

# စာအုပ်စင်ကဏ္ဍ


## ပေါ်ညွန်းသီ

| | |
|---|---|
| စာအုပ်အမည် | - အညာတမာ ၁၀၀ |
| စာရေးသူ | - ကလောင်စုံ |
| ထုတ်ဝေသည့်စာပေတိုက် | - မန္တလာစာပေ |
| တန်ဖိုး | - ၇၀၀၀ ကျပ် |
| ထုတ်ဝေသည့် ကာလ | - ၂၀၂၅ ခုနှစ် ၊ ဇူလိုင်လ |
| မျက်နှာဖုံးဒီဇိုင်း | - သွယ်အောင်၊ ရဲထက် |
| စာတ်ပုံ | - မောင်မောင်လှတင့်(မန်းတက္ကသိုလ်) |
| အတွင်းဒီဇိုင်း | - ကျော်မင်းဦး(မန္တလေး) |
| စာမျက်နှာ | - ၁၂၄ မျက်နှာ |

တစ်ချိန်တစ်ခါက မန္တလေးတက္ကသိုလ်တွင် တက်ရောက်ပညာသင်ကြားခဲ့ကြသော ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ ရသစာစုများဖြစ်ပြီး မန္တလေးတက္ကသိုလ် နှစ်(၁၀၀)ပြည့်အား ဂုဏ်ပြုရေးဖွဲ့သော ကဗျာ၊ အက်ဆေး၊ ဝတ္ထု၊ ဆောင်းပါးပေါင်းချုပ်စာအုပ် ဖြစ်သည်။

စာအုပ်တွင် အညာတမာ ၁၀၀ စာသဝဏ်လွှာ၊ ကဘော်မြေမောင်မောင်၊ ခင်အောင်ဝင့်(မြန်မာစာ)၊ ငယ်ဦး(စည်ပင်)၊ ဆောင်းချမ်းမြ(မန်းတက္ကသိုလ်)၊ ဆဏ်းဝင်းအောင်၊ ဇွန်မိုး၊ ညီတင့်၊ ဦးတင်မြင့်(မန္တလေး)၊ နိုင်စေရ(မန်းတက္ကသိုလ်)နိုင်ဗလ၊ မောင်စိုးသစ်(မန္တလေး)၊ မောင်ထွေးအောင်(ချောက်)၊ မောင်သမုဒ္ဒယ(မန်းတက္ကသိုလ်)၊ မှုခြေ(ရှပ)၊ မျိုးညွန့်ချစ်ထူး၊ ယုမွန်၊ သွယ်အောင်၊ အနှစ် (နဘူးအိုင်)၊ အောင်ကျော်မိုး (စလင်း)၊ ဥူး(မန္တလေး)တို့ ပါဝင်ရေးဖွဲ့ခဲ့ကြသည်။

မန္တလေးတက္ကသိုလ် ရနံ့၊ အငွေ့အသက်များကို တဝကြီး ခံစားရမည့် မန္တလေးတက္ကသိုလ် နှစ်(၁၀၀)ပြည့် အမှတ်တရ အလွမ်းပြေဖတ်ရှုရမည့် စာအုပ်ဖြစ်ရာ မန္တလေးစာအုပ်အရောင်းဆိုင်များနှင့် ၀၉-၄၄၄၀၀၅၄၂၁၊ ၀၉-၄၀၂၅၈၉၄၅၄၊ ၀၉-၂၅၅၅၆၅၄၀၀ သို့ ဆက်သွယ်ဝယ်ယူအားပေးနိုင်သည်။



| | |
|---|---|
| စာအုပ်အမည် | - သုံးကြောင်းကဗျာလက်ရွေးစင် |
| စာရေးသူ | - နေမျိုး |
| ထုတ်ဝေသည့်စာပေတိုက် | - စိတ်ကူးချိုချိုစာပေ |
| တန်ဖိုး | - ၆၅၀၀ ကျပ် |
| ထုတ်ဝေသည့်ကာလ | - ၂၀၂၅ ခုနှစ်၊ ဇူလိုင်လ |
| မျက်နှာဖုံးပန်းချီ | - နေမျိုး |
| စာမျက်နှာ | - ၁၀၀ မျက်နှာ |

အမျိုးသားစာပေဆုရ စာရေးဆရာ၊ ပန်းချီဆရာ နေမျိုး၏ လက်ရွေးစင်သုံးကြောင်းကဗျာများကို စုစည်းထုတ်ဝေထားခြင်း ဖြစ်သည်။ ဂျပန်ဟိုက္ကူပုံသန်ဖြင့် ရေးဖွဲ့ထားသော ကဗျာအများဆုံးပါရှိကာ အတွေးများဖြန့်ကျက်ထားသည့် ခေတ်ပေါ်မော်ဒန်အရေးအဖွဲ့ကို ခံစားဖတ်ရှုမည် ဖြစ်သည်။

**ဆပ်ပြာအမြှုပ်ငယ်**
**ရေမှာ တရိပ်ရိပ်ကူးတယ်**
**ကြည့်နေရင်း ပျောက်ကွယ်။**
(စာ-၈)

**စိမ်းနုသစ်ရွက်**
**ကျောက်စရစ်ကြားက**
**ထိုးထွက်လာ**
**မြေကြီးစကားကို**
**နားထောင်ရှာ။**
(စာ-၁၆)

**ငါ့အဖော်ပြုရာ**
**ဖောင်တိန်၊ စာရွက်၊**
**သတင်းစာ**
**တစ်ခုလောက် ပြောစမ်းပါ။**
(စာ-၅၉)

ခေတ်ပေါ်ကဗျာအရေးအဖွဲ့ နှစ်သက်သူများ သဘောကျမည့် စာအုပ်ဖြစ်ရာ စိတ်ကူးချိုချို (မန္တလေး)စာအုပ်အရောင်းဆိုင်တွင် ဝယ်ယူအားပေးဖတ်ရှုနိုင်သည်။




ဖတ်စရာ၊ မှတ်စရာ
စုံလင်
မန္တလေး

## သုညတ အနိမိတ္တ ကမ္ဘဋ္ဌာန်း

* အသက်ဇီဝ
ဖြစ်ထရှိယွင်း
အိုမင်းရင့်ရော်
ကြွေချိန်ကျ
ပျက်ရခန္ဓာနော် ။

* ဤကိုယ်ရုပ်မျိုး
အပုပ်အိုးကို
ကြည့်ရှုဆင်ခြင်
ဉာဏ်သက်ဝင်၍
သတိကိုစွဲ
အနှစ်ကင်းမှု
ဆင်ခြင်ပြု ။

* သုညတသာနိမတ္တသ
ကမ္မဋ္ဌာန်းအာရုံ
ပွားများထုံ
မာန်ဟုန်ကင်းပ သက္ကာယကွာ
အားထုတ်ရာသည်
အရဟတ္တဖိုလ်
ရောက်ကြောင်းတည်း ။ ။

**ကောင်းတေးသီ(အမရပူရ)**

## ကလေးအလုပ်သမားပပျောက်ရေး ဟောပြောပွဲ ကျင်းပ

**မိုင်းယောင်း ဩဂုတ် ၂၀**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ မိုင်းယောင်းမြို့၊ အခြေခံပညာအထက်တန်းကျောင်း၌ ယမန်နေ့မွန်းလွဲ ၁ နာရီက ကလေးအလုပ်သမားပပျောက်ရေး အသိပညာပေးဟောပြောပွဲကို ကျင်းပခဲ့သည်။

ရှေးဦးစွာ မိုင်းယောင်းမြို့ အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းအုပ်ဆရာမကြီး ဒေါ်အေးအေးကြည်က အမှာစကားပြောကြားပြီး ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစိုင်းအောင်ဇော်လင်းက ဟောပြောပွဲကျင်းပခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားကာ ကမ္ဘာ့ကလေးအလုပ်သမား ဆန့်ကျင်တိုက်ဖျက်ရေးနှင့် အမျိုးသားအဆင့်လုပ်ငန်းစီမံချက်အကောင်အထည်ဖော်ဆောင်ရွက်မှုကို ဟောပြောခဲ့သည်။

ထို့နောက် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ရုပ်သံကျွမ်းကျင်-၃ ဒေါ်နန်းစီဖေါင်းက ကလေးအလုပ်သမားပပျောက်ရေး ရေရှည်ဆောင်ရွက်ကြရမည့် တာဝန်အကြောင်းကိုလည်းကောင်း၊ လူမှုဝန်ထမ်းဦးစီးဌာနမှ ဒေါ်နန်းရှဲန်ကျဲ့က ကလေးအလုပ်သမား၏ အခွင့်အလမ်းနှင့် ကလေးအလုပ်သမား၏ အသက်အရွယ်အကြောင်းကိုလည်းကောင်း အသီးသီးဟောပြောခဲ့ကြသည်။

ထို့နောက် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်းများက ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ အသိပညာပေးနံရံကပ်စာစောင်ပြပွဲနှင့် ဓာတ်ပုံပြပွဲများကို ခင်းကျင်းပြသခဲ့ကြောင်း သိရသည်။

**(အောက်ပုံ)**

**ဝေဝေနိုင်(ပြန်/ဆက်)**

၀-၀-၀-၀-၀-၀-၀



ဗလငါးတန်
ဖွံ့ဖြိုးဖို့
စာအုပ်၊ စာပေ
လေ့လာစို့ ။





## ပလတ်စတစ်အိတ်သုံးစွဲမှုလျှော့နည်းပပျောက်စေရေးနှင့် အစားထိုးသုံးစွဲမှုများလိုက်နာရေး အသိပညာပေးခြင်းနှင့် လက်ကမ်းစာစောင်များဖြန့်ဝေ

**ကျောက်ဆည် ဩဂုတ် ၂၀**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ကျောက်ဆည်မြို့နယ်၌ ပလတ်စတစ်အိတ်သုံးစွဲမှု လျှော့နည်းပပျောက်စေရေးနှင့် အစားထိုးသုံးစွဲမှုများလိုက်နာရေး အသိပညာပေးခြင်းနှင့် လက်ကမ်းစာစောင် ဖြန့်ဝေခြင်းကို ခရိုင်ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဦးစီးဌာနနှင့် စည်ပင်သာယာရေး အဖွဲ့တို့ပူးပေါင်းပြီး ဩဂုတ် ၁၈ ရက် နံနက် ၇နာရီက ကျောက်ဆည်မြို့ အေးမြကြည်လင်ဈေးကြီးတွင် ပြုလုပ်ခဲ့သည်။

အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ရာ၌ ခရိုင်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်စိုးစံနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ကျော့မွန်ကံတို့က ဈေးရောင်းချသူများအနေဖြင့် (ကြွပ်ကြွပ်အိတ်)ပလတ်စတစ်အိတ်များအစား၊ ငှက်ပျောဖက်၊ အင်ဖက်၊ သတင်းစာစက္ကူစသည့် သင့်တော်ရာများနှင့် အစားထိုးထုပ်ပိုး သုံးစွဲသွားကြစေရေး ရှင်းလင်းပြောကြားခဲ့ပြီး ပတ်ဝန်းကျင်သာယာလှပဖို့ ပလတ်စတစ်အမှိုက်ကင်းစင်ရေး လိုက်နာဆောင်ရွက်သွားကြရန်အတွက် ပလတ်စတစ်၏ ဆိုးကျိုးများဖြစ်သည့် မြို့ပြ၏သန့်ရှင်းသာယာလှပမှုကို ထိခိုက်ခြင်း၊ လေထုကိုညစ်ညမ်းခြင်း၊ မြေထုကို ညစ်ညမ်းခြင်း၊လေထုကိုညစ်ညမ်းခြင်းအကြောင်းများနှင့် ပလတ်စတစ်အမျိုးအစားများအကြောင်း၊ ဖြေရှင်းရန်နည်းလမ်းများအကြောင်း ပါဝင်သည့် အသိပညာပေးလက်ကမ်းစာစောင်များနှင့် ရေရှည်အသုံးပြုနိုင်သည့်အိတ်များ ဖြန့်ဝေခဲ့ကြောင်း သိရသည်။

(အပေါ်ဝဲပုံ)

(၄၈၅)

*-*-*-*-*

## မူးယစ်ဆေးဝါးအန္တရာယ်ကြိုတင်ကာကွယ်ရေး အသိပညာပေး ဟောပြောပွဲ ကျင်းပ

**မန္တလေး ဩဂုတ် ၂၀**

အခြေခံပညာဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီး ပညာရေးမှူးရုံးနှင့် မြန်မာနိုင်ငံ မူးယစ်ဆေးဝါးသုံးစွဲမှုပပျောက်ရေးအသင်း(ဗဟို)တို့ ပူးပေါင်းကျင်းပသည့် မူးယစ် ဆေးဝါးအန္တရာယ်ကြိုတင်ကာကွယ်ရေး အသိပညာပေး ဟောပြောပွဲကို ဩဂုတ် ၁၈ ရက် မွန်းလွဲ ၂ နာရီက မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊မြတ်ပါရမီကိုယ်ပိုင်အထက်တန်းကျောင်းတွင် ကျင်းပခဲ့သည်။

ရှေးဦးစွာ ကျောင်းအုပ်ဆရာကြီး ဦးညွန့်အောင်က ဟောပြောပွဲ ကျင်းပရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားပြီး အသင်းဥက္ကဋ္ဌ ဦးဝင်းမြင့်က အမှာစကားပြောကြားသည်။

ထို့နောက် မူးယစ်သမိုင်းကြောင်းကို အသင်းဘဏ္ဍာရေးမှူး ဒေါ်ခင်မေပိုင်ကလည်းကောင်း၊ မူးယစ်ဆေးဝါးအမျိုးအစားကို အသင်းအတွင်းရေးမှူး ဦးမြင့်သန်းကလည်းကောင်း၊ မူးယစ်ဆေးဝါးဆိုးကျိုးအန္တရာယ်များကို အသင်းတွဲဖက်အတွင်းရေးမှူး ဦးသန့်ဇင်ဦးကလည်းကောင်း အသီးသီး အသိပညာပေး ဟောပြောကြသည်။

(အောက်ပုံ)

ဆက်လက်၍ တက်ရောက်လာကြသည့် ကျောင်းသား၊ ကျောင်းသူများအား အသင်းအမှုဆောင် ဒေါ်သင်းသင်းဦးနှင့် အသင်းတွဲဖက်အတွင်းရေးမှူး ဦးသန့်ဇင်ဦးတို့က မူးယစ် ဉာဏ်စမ်းမေးခွန်းများ မေးမြန်းကြပြီး ဖြေဆိုသည့် ကျောင်းသား၊ ကျောင်းသူများအား ဆုများပေးအပ်ချီးမြှင့်ကြပြီး ကျောင်းသား၊ ကျောင်းသူများက မူးယစ်ဆေးဝါး မသုံးစွဲရေးအတွက် သန္နိဋ္ဌာန်ကို ရွတ်ဆိုကြသည်။

ဟောပြောပွဲသို့ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြကြောင်း သိရသည်။

(၀၇၀)

*-*-*-*-*

# အမြို့မြို့ အနယ်နယ်မှ မှုခင်းသတင်းများ

## လိုင်စင်မဲ့မော်တော်ဆိုင်ကယ် လက်ဝယ်ထားစီးနင်းသူ အမျိုးသား တစ်ဦးအား ဖမ်းဆီးအရေးယူ

**မိုင်းဆတ် ဩဂုတ် ၂၀**

ရှမ်းပြည်နယ်၊ မိုင်းဆတ်မြို့နယ်၌ လိုင်စင်မဲ့မော်တော်ဆိုင်ကယ်လက်ဝယ်ထားစီးနင်းသူ အမျိုးသား တစ်ဦးအား ဖမ်းဆီးအရေးယူထားကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဩဂုတ် ၁၇ ရက် ည ၉ နာရီခွဲက ရှမ်းပြည်နယ်၊ မိုင်းဆတ်မြို့နယ်၊ မိုင်းတွမ်းပူးပေါင်းစစ်ဆေးရေးဂိတ်၌ မိုင်းတွမ်းနယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့က ယာဉ်စစ်ဆေးခြင်းများ ဆောင်ရွက်နေစဉ် တာချီလိတ်မြို့ဘက်မှ မိုင်းဆတ်မြို့ဘက်သို့ ရှမ်းပြည်နယ်၊ နမ့်စန်မြို့နယ်၊ အမှတ်(၁)ရပ်ကွက်နေ ရဲမင်းထွန်း (၃၅)နှစ် မောင်းနှင်လာသည့် 40W-xxxx HONDA CLICK 160 မော်တော်ဆိုင်ကယ်အား ရပ်တန့်စစ်ဆေးခဲ့ရာ မော်တော်ဆိုင်ကယ်နှင့်ပတ်သက်သည့် အထောက်အထား တစ်စုံတစ်ရာ ပြသနိုင်ခြင်းမရှိဘဲ လိုင်စင်မဲ့ မော်တော်ဆိုင်ကယ်ဖြစ်ကြောင်း စစ်ဆေးတွေ့ရှိရသဖြင့် ရဲမင်းထွန်းအား မိုင်းတွမ်းနယ်မြေရဲစခန်းတွင် အမှုဖွင့်အရေးယူထားကြောင်း သိရသည်။ (ဝဲပုံ)

(မန္တလေးနေ့စဉ်သတင်းအဖွဲ့)





## လေးကောင်ဂျင်လောင်းကစား ပြုလုပ်သူများအား ဖမ်းဆီးအရေးယူ

**မိုးညို ဩဂုတ် ၂၀**

ပဲခူးတိုင်းဒေသကြီး၊ မိုးညိုမြို့နယ်၌ လေးကောင်ဂျင်လောင်းကစားပြုလုပ်သူများကို ဖမ်းဆီးအရေးယူထားသည်။

ဖြစ်စဉ်မှာ ဩဂုတ် ၁၈ရက် နံနက် ၁၁ နာရီက ပဲခူးတိုင်းဒေသကြီး၊မိုးညိုမြို့နယ်၊နှမ်းကုန်းကျေးရွာနှင့် ခွက်မကျေးရွာကြားရှိ ကျွန်းစိုက်ခင်းအတွင်း၌ လေးကောင်ဂျင် လောင်းကစားဝိုင်း ပြုလုပ်နေကြောင်း သတင်းအရ သာယာဝတီခရိုင်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့က သွားရောက်စစ်ဆေးခဲ့ရာ ပဲခူးတိုင်းဒေသကြီး၊ လက်ပံတန်းမြို့နယ်၊ ရွှေကြို့ပင်ကျေးရွာနေ ချစ်မင်းသူ(၂၅)နှစ်(ပါ-၁၀)ဦးအား လေးကောင်ဂျင် လောင်းကစားပြုလုပ်ရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများ၊ လောင်းကြေးငွေများ၊ မော်တော်ဆိုင်ကယ်များနှင့်အတူ တွေ့ရှိဖမ်းဆီးရမိခဲ့သဖြင့် ချစ်မင်းသူ (ပါ-၁၀)ဦးအား ထိန်တောနယ်မြေရဲစခန်းတွင် အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

(အောက်ပုံ)

(မန္တလေးနေ့စဉ်သတင်းအဖွဲ့)



## ဓားဦးချွန်ကိုင်ဆောင်သူ အမျိုးသား တစ်ဦးအား ဖမ်းဆီး အရေးယူ

**မန္တလေး ဩဂုတ် ၂၀**

မန္တလေးတိုင်းဒေသကြီး၊ အမရပူရမြို့နယ်၌ ဓားဦးချွန်ကိုင်ဆောင်သူ အမျိုးသားတစ်ဦးအား ဖမ်းဆီးအရေးယူထားကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဩဂုတ် ၁၈ရက် နံနက် ၁၀ နာရီ ၅၀ မိနစ်က အမရပူရခရိုင်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့က မန္တလေးတိုင်းဒေသကြီး၊အမရပူရမြို့နယ်၊မှန်တန်းရပ်ကွက်၊ဗားကရာကျောင်းတိုက်အနီး၌ ယာဉ်စစ်ဆေးခြင်းများ ဆောင်ရွက်နေစဉ် အဆိုပါရပ်ကွက်နေ ဦး- - - -အား အရိုး၊အသွား ၃၀ လက်မခန့်ရှိ ဓားဦးချွန်တစ်ချောင်း ကိုင်ဆောင်သွားလာ နေသည်ကို စစ်ဆေးတွေ့ရှိ ဖမ်းဆီးရမိခဲ့သဖြင့် ဦး---- အား အမရပူရမြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။(ဝဲပုံ)

(မန္တလေးနေ့စဉ်သတင်းအဖွဲ့)



❖ သစ်တောသစ်ပင်များစိုက်ပျိုးရာတွင်လည်း စိုက်သမျှအပင်များ တစ်ပင်စိုက်တစ်ပင်ရှင်ဆိုသည့် ရည်မှန်းချက်ထား၍ ဆောင်ရွက်သွားရမည်ဖြစ်...

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၅ ခုနှစ်၊ မတ်လ ၂၄ ရက်နေ့တွင် ပြုလုပ်သော အမျိုးသားစီမံကိန်းကော်မရှင်အစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

❖ နိုင်ငံတော်ရွှေသီးဖို့ ကုန်ထုတ်လုပ်မှု အားပေးစို့။

❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။

❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင် ထိန်းကြစို့။

## သက်တမ်းရင့်ရေနံမြေများတွင် ရေနံနှင့်သဘာဝဓာတ်ငွေ့ထုတ်လုပ်မှု မြှင့်တင်ရေးလုပ်ငန်းများအား ကျယ်ပြန့်စွာစီမံခန့်ခွဲခြင်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ ကျင်းပ

နေပြည်တော် ဩဂုတ် ၂၀

သက်တမ်းရင့် ရေနံမြေများတွင် ရေနံနှင့်သဘာဝဓာတ်ငွေ့ ထုတ်လုပ်မှု မြှင့်တင်ရေးလုပ်ငန်းများအား ကျယ်ပြန့်စွာစီမံခန့်ခွဲခြင်း (Comprehensive Management of Oil and Gas Production Enhancement Activities in Mature Oil Fields) ခေါင်းစဉ်ဖြင့် အလုပ်ရုံဆွေးနွေးပွဲကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ Park Royal Hotel ၌ ကျင်းပသည်။



အလုပ်ရုံဆွေးနွေးပွဲသို့ စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလွင်၊ ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနနှင့် လုပ်ငန်းများမှ တာဝန်ရှိသူများ၊ ဥပဒေဆိုင်ရာ အကြံပေးနှင့် နည်းပညာဆိုင်ရာ အကြံပေးပုဂ္ဂိုလ်များ၊ အကျိုးတူပူးပေါင်းဆောင်ရွက်လျက်ရှိသော ပြည်တွင်း၊ ပြည်ပကုမ္ပဏီများမှ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြပြီး ရေနံမြေများမှ တာဝန်ရှိသူများနှင့် သက်ဆိုင်ရာ တက္ကသိုလ်များမှ ဆရာ ဆရာမများ၊ ကျောင်းသားကျောင်းသူများက အွန်လိုင်းဖြင့် တက်ရောက်ကြသည်။

ဆွေးနွေးပွဲတွင် ပြည်ထောင်စုဝန်ကြီးက မိမိတို့နိုင်ငံရှိ ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ကွက်များသည် ထုတ်လုပ်မှုသက်တမ်းကြာမြင့်လာသည်နှင့်အမျှ သဘာဝအလျောက် အထွက်နှုန်းများ သိသာစွာကျဆင်း လာနေသည်ကို တွေ့ရှိရမည်ဖြစ်ကြောင်း၊ လက်ရှိကုန်းတွင်းပိုင်း လုပ်ကွက်များ၏ ပျမ်းမျှထုတ်လုပ်မှုသက်တမ်းသည် နှစ် ၅၀ မှ ၆၀ အထိ ကြာမြင့်နေပြီဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် ရေနံနှင့် သဘာဝဓာတ်ငွေ့များ တိုးတက်ထုတ်လုပ်နိုင်ရေးလုပ်ငန်း အစီအမံများ ချမှတ်ဆောင်ရွက်ခဲ့သော်လည်း အခက်အခဲနှင့် စိန်ခေါ်မှုအမျိုးမျိုးကြောင့် တိုးတက်မှုနှုန်း နှေးကွေးပြီး အကျိုးအမြတ်ရရှိမှုနည်းပါးပါကြောင်း၊ ယနေ့ အလုပ်ရုံဆွေးနွေးပွဲတွင် အဆိုပါ အခက်အခဲနှင့် စိန်ခေါ်မှုများကို ဖြေရှင်းကျော်လွှားနိုင်မည့် နည်းလမ်းများကို ရှာဖွေဖော်ထုတ်နိုင်မည်ဟု ယုံကြည်မျှော်လင့်ပါကြောင်း ဆွေးနွေးပြောကြားသည်။

ထို့နောက် စွမ်းအင်ဝန်ကြီးဌာနမှ တာဝန်ထမ်းဆောင်ဆဲနှင့် အငြိမ်းစားအရာရှိကြီးများ၊ ပညာရေးဝန်ကြီးဌာနနှင့် သိပ္ပံနှင့် နည်းပညာ ဝန်ကြီးဌာနအောက်ရှိ တက္ကသိုလ်များမှ ရေနံဘူမိဗေဒဘာသာရပ်နှင့် ရေနံအင်ဂျင်နီယာဘာသာရပ်ဆိုင်ရာ ပါမောက္ခများနှင့် ဆရာ ဆရာမများ၊ မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီမှ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ ပြည်တွင်း၊ ပြည်ပ ရေနံကုမ္ပဏီများမှ ကျွမ်းကျင်ပညာရှင်များက သက်တမ်းရင့် ရေနံမြေများတွင် ရေနံနှင့် သဘာဝဓာတ်ငွေ့များ တိုးတက်ထုတ်လုပ်နိုင်ရေး သက်ဆိုင်ရာ ကဏ္ဍအလိုက် အကြံပြုဆွေးနွေးကြပြီး ရေနံအင်ဂျင်နီယာဘာသာရပ် တက်ရောက်နေသည့် နောက်ဆုံးနှစ် ကျောင်းသား မောင်ထက်ဦးဝေလွင်က "A Study of Enhanced Oil Recovery Methods" ခေါင်းစဉ်ဖြင့် ပါဝင်ဆွေးနွေးရာ တက်ရောက်လာကြသူများက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက ပါဝင်ဆွေးနွေးသူများကို ကျေးဇူးတင်စကားပြောကြား၍ ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

## ရန်ကုန်ယူနိုက်တက်(ယူ-၂၁)အသင်းအား ရှမ်းယူနိုက်တက် (ယူ-၂၁)အသင်းက အနိုင်ရရှိ

**ရန်ကုန် ဩဂုတ် ၂၀**

ယနေ့ မြန်မာနေရှင်နယ်လိဂ်လူငယ်အမှတ်ပေး ပွဲစဉ်တစ်ပွဲအဖြစ် ရန်ကုန်ယူနိုက်တက်(ယူ-၂၁) အသင်းနှင့် ရှမ်းယူနိုက်တက်(ယူ-၂၁) အသင်းတို့ယှဉ်ပြိုင်ကစားခဲ့ကြပြီး ရှမ်းယူနိုက်တက်လူငယ်အသင်းက နှစ်ဂိုး၊ တစ်ဂိုးဖြင့်အနိုင်ရရှိခဲ့သည်။

ရှမ်းယူနိုက်တက်လူငယ် အသင်းအတွက် သွင်းဂိုးများကို ၇ မိနစ်နှင့် ၅၀ မိနစ်များတွင် ကောင်းမြတ်ကျော်နှင့် ခွန်ရဲဇော်တို့က သွင်းယူပေးခဲ့ပြီး ရန်ကုန်ယူနိုက်တက်အသင်းအတွက် ချေပဂိုးကို ၈၆ မိနစ်တွင် မင်းသန့်ဘိုမှ သွင်းယူပေးခဲ့သည်။



ရန်ကုန်ယူနိုက်တက်(ယူ-၂၁)အသင်းသည် (၁၆)ပွဲကစား ၉ ပွဲနိုင်၊ ၄ ပွဲသရေ၊ ၃ ပွဲရှုံး ရမှတ် ၃၁ မှတ်ရရှိထားပြီး အဆင့် ၄ နေရာတွင် ရပ်တည်လျက်ရှိသည်။

ရန်ကုန်ယူနိုက်တက်(ယူ-၂၁)အသင်းသည် လာမည့် ဩဂုတ် ၂၇ ရက်တွင် M-3 ဘောလုံးကွင်း၌ ဟံသာဝတီယူနိုက်တက်(ယူ-၂၁) အသင်း နှင့် ဆက်လက်ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။

(NGB)

## အာဆီယံကလပ် ချန်ပီယံရှစ် ခြေစစ်ပွဲစဉ်အဖြစ် ရှမ်းယူနိုက်တက်အသင်းနှင့် ဆာဗေရီယန်အသင်းတို့ ယနေ့ ယှဉ်ပြိုင်ကစားမည်

**ရန်ကုန် ဩဂုတ် ၂၀**



အာဆီယံကလပ် ချန်ပီယံရှစ် ဘောလုံးပြိုင်ပွဲ ခြေစစ်ပွဲ (အုပ်စု ခ) ပထမအကျော့ပွဲစဉ်အဖြစ် ရှမ်းယူနိုက်တက်အသင်းနှင့် ကမ္ဘောဒီးယားကလပ် ဆာဗေရီယန်အသင်းတို့ ယနေ့ ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။

ရှမ်းယူနိုက်တက် အသင်းနည်းပြချုပ် Hiroki Ono က "မနက်ဖြန်ပွဲက မလွယ်ကူပါဘူး။ ပွဲကို သေချာချဉ်းကပ်ကစားမှာပါ။ ပြီးခဲ့တဲ့နှစ်က အတွေ့အကြုံတွေကို သင်ခန်းစာယူပြီး ဒီနှစ်မှာအကောင်းဆုံးပြင်ဆင်ထားပါတယ်။ ပြိုင်ဘက်အသင်းက မနှစ်ကထက်ပိုပြီး ယှဉ်ပြိုင်ကစားရခက်မှာပါ"ဟု ပြောသည်။

အသင်းခေါင်းဆောင် နန္ဒကျော်က "ကျွန်တော်တို့က ပြီးခဲ့တဲ့နှစ်ကထက် ရလဒ်ရော၊ ကစားပုံရော အများကြီးတိုးတက်လာအောင်ပြင်ဆင်ထားတယ်။ မနှစ်ကထက်ပိုပြီး ကောင်းအောင် ကစားသမားတွေရော၊ နည်းပြတွေရော သေချာကြိုတင်လေ့ကျင့်ပြင်ဆင်ထားပါတယ်။ ဒီနှစ်မှာ ဥက္ကဋ္ဌကိုယ်တိုင်ကလည်း သေချာအားထည့်ပြီးပြင်ဆင်ထားတဲ့အတွက် ရလဒ်ကောင်းတွေရဖို့ မျှော်လင့်ပါတယ်" ဟု ပြောသည်။

ရှမ်းယူနိုက်တက်အသင်းသည် အာဆီယံကလပ် ချန်ပီယံရှစ် ဘောလုံးပြိုင်ပွဲ ခြေစစ်ပွဲ (အုပ်စု ခ) ပထမအကျော့ပွဲစဉ်အဖြစ် ဩဂုတ် ၂၁ရက် မြန်မာစံတော်ချိန် ညနေ ၆နာရီခွဲတွင် ဆာဗေရီယန်အသင်းနှင့် ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။

**နိုင်ကမ္ဘာ**

ဝ-ဝ-ဝ-ဝ